# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

## (Thayninga Institute for Strategic Studies – TISS)

## နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နုတ်ချက်

အမှတ် (၆)၊ ဇွန်လ ၂၀၂၂ ခုနှစ်

(သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၂၂ ဇွန်လ အတွက် နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာဆန်းစစ်သုတေသနပြုသွားရန် ရည်ရွယ်ခဲ့ပါသည်။ သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာ့တပ်မတော်အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်သုတေသနအဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ယနေ့ခေတ် မျက်မှောက်ကာလတွင် တိုင်းပြည်နိုင်ငံအများစုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွား (National Interest) ကို အဓိကအလေးထား ဖော်ဆောင်နေကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်နိုင်ပါစေဟု သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့မှ ဆန္ဒပြုဆုမွန်ခြွေအပ်ပါသည်။

## ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း သတင်းကောက်နုတ်ချက် ရက်စွဲမှတ်တမ်းများ

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၂၂ ခုနှစ် ဇွန်လ အတွင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပါသည်။

| | | |
|---|---|---|
| ၁။ | ၁ – ၆ – ၂၀၂၂ | ဖိလစ်ပိုင် ရေပြင်နယ်နိမိတ်အတွင်း ဖိလစ်ပိုင် ပင်လယ်ရေကြောင်း သုတေသနသင်္ဘော တစ်စင်းကို တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့ သင်္ဘောတစ်စင်းက အနှောင့်အယှက် ပေးခဲ့သည်ဆိုသည့် စွပ်စွဲချက်နှင့် ပတ်သက်ပြီး တရုတ်၏ ထိပ်သီးသံတမန်တစ်ဦးကို ဆင့်ခေါ်ခဲ့သည်ဟု ဖိလစ်ပိုင်အစိုးရက မေလ (၃၁) ရက်တွင် ထုတ်ဖော်ပြောကြားသည်။ Reed Bank အမည်ရှိ ရေအောက်တောင်အနီးတွင် တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့၏ သင်္ဘောများ တည်ရှိနေသည့် သတင်းများကိုလည်း စိစစ်သုံးသပ်နေကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဌာနက ပြောကြားခဲ့သည်။ |
| | | ရုရှားတပ်ဖွဲ့များသည် ယူကရိန်းအရှေ့ပိုင်း ဆီဗာရိုဒိုးနက်မြို့တွင် မကြာသေးမီရက်များအတွင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အရှိန်မြှင့်တင်ခဲ့ပြီးနောက် မြို့၏ နေရာဒေသ အများစုကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း လူဟန့်စ်ဒေသအုပ်ချုပ်ရေးမှူး ဆာဂျီဂိုင်ဒေးက မေ (၃၁) ရက်တွင် ပြောကြားခဲ့သည်။ “ကံဆိုးချင်တော့ ဒီနေ့မှာပဲ ရုရှားစစ်သားတွေဟာ မြို့ရဲ့နေရာအများစုကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ မြို့ရဲ့ ၉၀ ရာခိုင်နှုန်းကတော့ ထိခိုက်ပျက်စီးနေပါပြီ” ဟု ဂိုင်ဒေးက ပြောကြားခဲ့သည်။ |
| ၂။ | ၃ – ၆ – ၂၀၂၂ | ယူကရိန်းအား ရုရှားကျူးကျော်မှုသည် ဇွန်လ (၃) ရက်တွင် ရက် ၁၀၀ ပြည့်ပြီဟု AFP သတင်းဌာနက ဖော်ပြသည်။ ၂၀၁၄ ခုနှစ်တွင် သိမ်းယူခဲ့သည့် ခရိုင်းမီးယားနှင့် ဒွန်းဘက်စ်ဒေသများ အပါအဝင် ရုရှားသည် ယခုအခါ ယူကရိန်းနယ်မြေ ငါးပုံတစ်ပုံကို ထိန်းချုပ်ထားသည်ဟု ယူကရိန်းက ကြေညာသည်။ သမ္မတပူတင်၏ တပ်များသည် ယူကရိန်းမြို့တော် ကီယက်ဗ်မှ တိုက်ထုတ်ခံခဲ့ရပြီးနောက် ယခုအခါ ယူကရိန်းအရှေ့ပိုင်းကို သိမ်းပိုက်ရန် အလေးထား လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် စစ်ပွဲသည် အချိန်ကြာညောင်းလာနိုင်သည်ဟု သတိပေးမှုများ ရှိလာသည်။ |
| | | အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိမ်ဖြူတော်တွင် တွေ့ဆုံကာ ယူကရိန်းအရေး ဆွေးနွေးခဲ့သည့် နေတိုးအကြီးအကဲ ယန်းစတိုလ်တန်ဘာ့ဂ်က မိမိတို့သည် ရုရှားနှင့် တိုက်ရိုက်ထိပ်တိုက်တွေ့ခြင်းကို မလိုလားကြောင်းနှင့် မိမိတို့အနေဖြင့် ခရီးရှည်ကြီးအတွက် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ |
| | | ရှင်ကျန်းဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဟောင်ကောင်တွင် လွတ်လပ်ခွင့်များ လျော့ပါးလာမှုတို့နှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် နယူးဇီလန်ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်းတို့၏ မှတ်ချက်စကားများကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဇွန်လ (၁) ရက်တွင် ရှုတ်ချခဲ့သည်။ ဘိုင်ဒင်နှင့် အာဒန်းတို့ ပူးတွဲထုတ်ပြန်သည့် အစီရင်ခံစာသည် တရုတ်ကို သားပုတ်လေလွင့်စွပ်စွဲခြင်းဖြစ်ပြီး တရုတ်၏ ပြည်ထဲရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကျောက်လိကျင်က ပြောကြားခဲ့သည်။ |
| | | ဇွန်လ (၁) ရက်တွင် အမေရိကန်နှင့် ထိုင်ဝမ်သည် ၎င်းတို့၏ ကုန်သွယ်ရေးဆက်ဆံမှုများကို ပိုမိုမြှင့်တင်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အမေရိကန် – ထိုင်ဝမ် ၂၁ ရာစု ကုန်သွယ်ရေးအစီအစဉ်ဟု အမည်ပေးထားသည့် ယင်းလုပ်ငန်းစဉ်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အာရှနိုင်ငံ ၁၂ နိုင်ငံအကြား သဘောတူညီမှုတစ်ခုကို ကြေညာခဲ့ပြီးနောက် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသည် တရုတ်အစိုးရအတွက် သိသာထင်ရှားသည့် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း ပြောဆိုမှုများလည်း ရှိသည်။ |
| | | အမေရိကန်လူ့အသိုင်းအဝိုင်းကို လူသတ်ကွင်းများအဖြစ် ပြောင်းလဲစေသည့် လူအများ |

| | | |
|---|---|---|
| | | အပြား ပစ်သတ်ခံရမှု မြင့်တက်လာခြင်းကို ထိန်းချုပ်ရန် မောင်းပြန်ရိုင်ဖယ်များ ပိတ်ပင်ရေးအပါအဝင် ပိုမိုတင်းကျပ်သည့် သေနတ်ထိန်းချုပ်ရေး ဥပဒေများကို ပြဋ္ဌာန်းရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဇွန်လ (၂) ရက်တွင် လွှတ်တော်အမတ်များကို အင်တိုက်အားတိုက် မေတ္တာရပ်ခံခဲ့သည်။ မောင်းပြန်ရိုင်ဖယ်များ ဝယ်ယူနိုင်သည့် အသက်ကို ၁၈ နှစ်မှ ၂၁ နှစ်အထိ တိုးသင့်သည်ဟု ဘိုင်ဒင်က အဆိုပြုခဲ့သည်။ |
| | | မြောက်ကိုရီးယားနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့် ပတ်သက်၍ အချက်အလက်များ မရှိခြင်းသည် စိတ်ပျက်စရာကောင်းသည်ဟု ဇွန်လ (၁) ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောကြားလိုက်ပြီး ကပ်ရောဂါနှင့် စပ်လျဉ်း၍ တိုးတက်မှု ရှိနေသည်ဟု မြောက်ကိုရီးယားက သတင်းများ ထုတ်ပြန်နေသည့်တိုင် အကျပ်အတည်းသည် ပိုမိုဆိုးရွားနေနိုင်သည်ဟု ပြောဆိုခဲ့သည်။ |
| | | ဇွန်လ (၁) ရက်တွင် ရုရှားတပ်ဖွဲ့များသည် ယူကရိန်းအရှေ့ပိုင်းဒေသ၌ အချက်အချာကျသော ဆီဗာရိုဒိုးနက်မြို့ကို သိမ်းပိုက်ရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာချိန်တွင် အမေရိကန်က ယူကရိန်းကာကွယ်ရေးကို အထောက်အကူပြုစေမည့် ပိုမိုအဆင့်မြင့်သော ဒုံးကျည်စနစ်များကို ပေးပို့မည်ဟု ကတိပြုခဲ့သည်။ ရုရှားတပ်များသည် အရေးပါသော စက်မှုအချက်အချက်မြို့ ဆီဗာရိုဒိုးနက်၏ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်ဟု လူဟန့်စ်ဒေသ အုပ်ချုပ်ရေးမှူး ဆာဂျီဂိုင်ဒေးက ပြောကြားခဲ့သည်။ |
| ၃။ | ၄ - ၆ - ၂၀၂၂ | ယူကရိန်းကို ရုရှားက ကျူးကျော်ဝင်ရောက်မှုနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများနှင့် ပူးပေါင်းသည့် အနေဖြင့် ဇွန်လကုန်ပိုင်းတွင်ပြုလုပ်မည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ၏ ခေါင်းဆောင်များပြုလုပ်မည့် အစည်းအဝေးကို ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ တက်ရောက်ရန် စိတ်ဝင်စားနေသည်ဟု ကျိုဒို သတင်းအေဂျင်စီက အမည်မဖော်လိုသည့် အစိုးရသတင်းအရင်းအမြစ်များကို ကိုးကားဖော်ပြခဲ့သည်။ |
| | | မြောက်ကိုရီးယားသည် ၂၀၁၇ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နျူကလီးယား စမ်းသပ်ရန် ပြင်ဆင်နေသည့် လက္ခဏာများ ထွက်ပေါ်နေသည့်အချိန်တွင် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်အရာရှိများသည် ဇွန် (၃) ရက်က တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် တွေ့ဆုံခဲ့ကြပြီး မြောက်ကိုရီးယားအရေးကို ဆွေးနွေးခဲ့ကြသည်။ မြောက်ကိုရီးယားသည် သတ္တမအကြိမ်မြောက် နျူကလီးယား စမ်းသပ်မှုပြုလုပ်ရန် ၎င်း၏ Punggye-ri လက်နက်စမ်းသပ်ရေးကွင်းတွင် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု အမေရိကန်က ခန့်မှန်းခဲ့ပြီးနောက် မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဆောင်းကင်၊ တောင်ကိုရီးယား အထူးကိုယ်စားလှယ် ကင်ဂန်းနှင့် ဂျပန် အထူးကိုယ်စားလှယ် ဖူနာကိုရှီ တာကီဟီရိုတို့ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ |
| | | ယူကရိန်းကို စစ်ပွဲဆင်နွှဲမှုနှင့် ပတ်သက်၍ ရုရှားထံမှ တင်သွင်းသည့် ရေနံသွင်းကုန် အများစုကို ပိတ်ပင်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) က ကြေညာခဲ့ပြီး ယင်းသည် ယူကရိန်းနှင့် ပတ်သက်၍ အီးယူက ရုရှားအပေါ် အပြင်းထန်ဆုံး ဒဏ်ခတ်ပိတ်ဆို့မှု ဖြစ်သည်။ ဟန်ဂေရီနှင့် သီတင်းပတ်များစွာ ငြင်းခုံဆွေးနွေးခဲ့ရပြီးနောက် အီးယူက ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ယူကရိန်းစစ်ပွဲ မတိုင်မီက ရေနံတင်သွင်းမှု လေးပုံတစ်ပုံကျော်ကို ရုရှားထံမှ မှာယူတင်သွင်းခဲ့သည့် အီးယူနိုင်ငံများသည် ရုရှား၏စစ်ပွဲထဲသို့ ဝင်ငွေစီးဆင်းမှုများကို ရပ်တန့်နိုင်ရန် အလျင်အမြန် လုပ်ဆောင်ခဲ့ခြင်း မရှိဟု စွပ်စွဲခံထားရသည်။ ရုရှားကလည်း ယူကရိန်းနွယ်ဖွား ကနေဒါနိုင်ငံသားများ အပါအဝင် ကနေဒါနိုင်ငံသား ၆၁ ဦးကို ပြည်ဝင်ခွင့်ပိတ်ပင်ကြောင်း ကြေညာခဲ့ပြီး ၎င်းအပေါ် ဒဏ်ခတ်ပိတ်ဆို့ |

| | | |
|---|---|---|
| | | မှုများကို လက်တုံ့ပြန်ခဲ့သည်။ |
| | | ယူကရိန်းအရှေ့ပိုင်း ဒွန်ဘတ်စ်ဒေသရှိ ဆီဗီရိုဒိုးနက်မြို့သို့ ရုရှားက လက်နက်ကြီးများဖြင့် သဲသဲမဲမဲ ပစ်ခတ်လျက်ရှိသော်လည်း ကျူးကျော်သူများကို တွန်းလှန်တိုက်ထုတ်ရာတွင် အောင်မြင်မှုအချို့ ရရှိခဲ့ကြောင်း ဒေသန္တရ အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။ လက်ရှိတွင် ဆီဗီရိုဒိုးနက်မြို့ကို ဗဟိုပြုပြီး အပြင်းအထန်ဆုံး တိုက်ပွဲအချို့ ဖြစ်ပွားနေပြီး တစ်မြို့လုံး ရန်သူ့လက်သို့ ကျရောက်မည့်အရေးကို ရှောင်လွှဲနိုင်ရန် ယူကရိန်း တပ်ဖွဲ့ဝင်များက အပြင်းအထန် ခုခံကာကွယ်လျက်ရှိသည်။ |
| ၄။ | ၅ - ၆ - ၂၀၂၂ | မေလထဲတွင် တောင်တရုတ်ပင်လယ်၌ ဩစတြေးလျတပ်မတော်၏ ကင်းလှည့်လေယာဉ်တစ်စင်းကို တရုတ်တိုက်လေယာဉ်တစ်စင်းက အန္တရာယ်ရှိသည့် အနေအထားမျိုးဖြင့် ကြားဖြတ်နှောင့်ယှက်ခဲ့သည်ဟု ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ဩစတြေးလျ တော်ဝင်လေတပ် (RA-AF) မှ P-8 အမျိုးအစား ပင်လယ်ရေကြောင်း ကင်းလှည့်စောင့်ကြည့်ရေး လေယာဉ်တစ်စင်းသည် မေ ၂၆ ရက်က တောင်တရုတ်ပင်လယ်ဒေသ၏ နိုင်ငံတကာလေပိုင်နက်အတွင်း သမားရိုးကျ ကင်းလှည့်မှု ပြုလုပ်နေစဉ် တရုတ်၏ J-16 တိုက်လေယာဉ်တစ်စင်းက ကြားဖြတ်နှောင့်ယှက်ခဲ့ခြင်း ဖြစ်သည်ဟု ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ထိုကဲ့သို့ ကြားဖြတ်နှောင့်ယှက်မှုသည် ဩစတြေးလျ၏ P-8 လေယာဉ်နှင့် လေယာဉ်အမှုထမ်းများ၏ ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်မှု ဖြစ်စေခဲ့သည်ဟုလည်း ဩစတြေးလျက ဆိုသည်။ |
| | | ယူကရိန်းအရှေ့ပိုင်းရှိ မဟာဗျူဟာကျသော ဆီဗီရိုဒိုးနက်မြို့တွင် ယူကရိန်းတပ်ဖွဲ့ဝင်များက ရုရှားတပ်များကို အပြင်းအထန် ခုခံတွန်းလှန်နေစဉ် ဇွန် (၅) ရက်က ယူကရိန်းနိုင်ငံ၏မြို့တော် ကီယက်ဗ်တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ ဆီဗီရိုဒိုးနက်မြို့၏ လမ်းမများတွင် တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွားနေသည်ဟု ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇလန်းစကီးက ပြောကြားခဲ့သည်။ |
| | | မြောက်ကိုရီးယားသည် အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်ထဲသို့ ပဲ့ထိန်းဒုံးကျည် အများအပြား စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်တပ်က ပြောကြားခဲ့သည်။ လေးနှစ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်၏ လေယာဉ်တင်သင်္ဘောတစ်စီး ပါဝင်သော အမေရိကန် – တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြီးဆုံးခဲ့ပြီး တစ်ရက်အကြာတွင် မြောက်ကိုရီးယားက ယခုကဲ့သို့ ပဲ့ထိန်းဒုံးကျည် စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ |
| ၅။ | ၆ - ၆ - ၂၀၂၂ | ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် အီရန်တို့အကြား ရရှိထားသည့် ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုရန် ဆွေးနွေးမှုများ ရပ်ဆိုင်းနေချိန် ယခုသီတင်းပတ်အတွင်း ကုလသမဂ္ဂ အဏုမြူစောင့်ကြည့်ရေးအေဂျင်စီက အစည်းအဝေး ကျင်းပသည့်အခါ ဥရောပအင်အားကြီးနိုင်ငံများနှင့် အမေရိကန်တို့က အီရန်ကို ပြစ်တင်ရှုတ်ချမည်ဟု မျှော်လင့်ရကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်များသည် ဇွန် (၆) ရက်မှ ဇွန်လ (၁၀) ရက်အထိ ဗီယင်နာမြို့တွင် ဆွေးနွေးလျက်ရှိကြသည်။ နိုင်ငံတကာ အဏုမြူအေဂျင်စီ (IAEA) နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် အီရန်ကို တိုက်တွန်းထားသော ဆုံးဖြတ်ချက်ကို အတည်ပြုမည်ဆိုပါက ယင်းသည် ၂၀၂၀ ခုနှစ် ဇွန်လ နောက်ပိုင်း အီရန်ကို ပထမဆုံးရှုတ်ချပြစ်တင်သော ဆုံးဖြတ်ချက် ဖြစ်လာမည်ဖြစ်သည်။ |

| | | |
|---|---|---|
| | | ယူကရိန်းအရှေ့ပိုင်း စက်မှုဒေသ၌ ယူကရိန်းနှင့် ရုရှားတပ်များ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားနေချိန် ဇွန်လ (၅) ရက်တွင် သမ္မတ ဗိုလိုဒီမာ ဇလန်းစကီးသည် ဒွန်းဘက်စ်ရှိ ရှေ့တန်းစစ်မျက်နှာများသို့ ရောက်နေသော တပ်ဖွဲ့များကို တွေ့ဆုံခဲ့သည်။ ဇလန်းစကီးသည် လိုင်ဆစ်ချင်ရှိ ကွပ်ကဲရေးစခန်းများ၊ ရှေ့တန်းနေရာများကို သွားရောက်ခဲ့ခြင်းဖြစ်သည်။ |
| | | မြောက်ကိုရီးယား၏ လက်နက်စမ်းသပ်မှုများကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားနှင့် အမေရိကန်တို့က ပဲ့ထိန်းဒုံးကျည် ရှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယားတပ်မတော်က ပြောကြားသည်။ မဟာမိတ်နှစ်နိုင်ငံသည် မြေပြင်မှ မြေပြင်ပစ်တာတိုပစ်ဒုံးလက်နက်စနစ် (ATACMS) ကို ဂျပန်ပင်လယ်ဟုလည်း လူသိများသော အရှေ့ပင်လယ်ရှိ ပစ်မှတ်များအား ဇွန်လ (၆) ရက် နံနက်အစောပိုင်းက ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ |
| | | ဆီဗီရိုဒိုးနက်နှင့် လူဟန့်စ်ဒေသတို့ကို ရုရှားက လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့သဖြင့် အရပ်သားနှစ်ဦး သေဆုံးခဲ့သည်ဟု ညစဉ်သတင်းထုတ်ပြန်ရာတွင် ယူကရိန်းစစ်တပ်က ဖော်ပြခဲ့သည်။ ရုရှားတပ်များသည် လူနေရပ်ကွက် ၂၀ ကျော်ကို ပစ်ခတ်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ |
| ၆။ | ၇ – ၆ – ၂၀၂၂ | ရုရှားက အရှေ့ပိုင်းဒွန်းဘက်စ်ဒေသကို ထိန်းချုပ်ရန် ကြိုးပမ်းရာ၌ အရေးအပါဆုံးတိုက်ပွဲဖြစ်သည့် ဆီဗာရိုဒိုးနက်တိုက်ပွဲတွင် ယူကရိန်းတပ်များနှင့် ရုရှားတပ်များ ပြင်းပြင်းထန်ထန် တိုက်ခိုက်လျက်ရှိသည်ဟု ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇလန်းစကီးက ထုတ်ဖော်ပြောကြားသည်။ ဆီဗာရိုဒိုးနက်မြို့တစ်ဝက်ကို ထိန်းချုပ်ရန် ယူကရိန်းတပ်များက ရုရှားတပ်များကို ပြန်လည်တိုက်ခိုက်ခဲ့သည်ဟု သိရသည်။ မဟာဗျူဟာအရအရေးပါသော ဆီဗာရိုဒိုးနက်တွင် ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်လျက်ရှိသည်။ ဆီဗာရိုဒိုးနက်သည် လူဟန့်ဒေသတွင် အကြီးဆုံးမြို့ဖြစ်သည်။ လူဟန့်ဒေသသည် ရုရှားထိန်းချုပ်မှုအောက်ကို မရောက်သေးသော ဒေသဖြစ်သည်။ |
| | | ရုရှားသည် မော်စကိုမြို့ရှိ အမေရိကန်သတင်းထောက်များကို ခြိမ်းခြောက်ရန် ကြိုးစားနေသည်ဟု ဇွန်လ (၆) ရက်တွင် အမေရိကန်ပြည်ထောင်စုက စွပ်စွဲပြောကြားလိုက်ပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါသတင်းထောက်များကို ဆင့်ခေါ်ခဲ့ကာ အမေရိကန် ပိတ်ဆို့မှုများကြောင့် လက်တုံ့ပြန်ခြင်းခံရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ |
| | | မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် တောင်ကိုရီးယားနှင့် အမေရိကန်တို့က အင်အားပြသသည့်အနေဖြင့် ကိုရီးယားကျွန်းဆွယ် တစ်ဝိုက်တွင် စစ်လေယာဉ်များ ပျံသန်းခဲ့သည်ဟု တောင်ကိုရီးယားအစိုးရက ပြောကြားခဲ့သည်။ ရေဒါရှောင်ကွင်းနိုင်သော F-35 တိုက်လေယာဉ်များ အပါအဝင် တောင်ကိုရီးယား စစ်လေယာဉ် ၁၆ စင်းနှင့် အမေရိကန် F-16 တိုက်လေယာဉ် လေးစင်းတို့က ရန်သူ့အန္တရာယ်ကို တုံ့ပြန်သည့်အနေဖြင့် ပင်လယ်ဝါဟု လူသိများသော အနောက်ပိုင်း ပင်လယ်ပေါ်တွင် တိုက်ခိုက်ရေးလေယာဉ်အုပ်အဖြစ် စုဖွဲ့ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ |
| | | ကမ္ဘောဒီးယားနိုင်ငံတွင် တရုတ်ရေတပ်စစ်သင်္ဘောအုပ်စုအတွက် လျှို့ဝှက်ရေတပ်စခန်းတစ်ခု တည်ဆောက်နေသည်ဆိုသည့် သတင်းများအပေါ် စိုးရိမ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အယ်ဘန်နိစ်က ပြောကြားခဲ့ပြီးနောက် ကမ္ဘောဒီးယားနှင့် တရုတ်တို့က ယင်းသတင်းကို ငြင်းဆိုခဲ့သည်။ ထိုင်းပင်လယ်ကွေ့ရှိ ကမ္ဘောဒီးယား၏ Ream စစ်စ |

| | | |
|---|---|---|
| | | ခန်းတွင် တည်ဆောက်ခဲ့သည့် စခန်းအသစ်သည် တရုတ်ရေတပ်က သီးသန့်အသုံးပြုရန် စခန်းဖြစ်သည်ဟု အမည်မဖော်ပြထားသည့် အနောက်နိုင်ငံများမှ အရာရှိများကို ကိုးကားပြီး ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။ |
| | | နောက်ထပ် မျောက်ကျောက်ကူးစက်ခံရသူ ၇၇ ဦးရှိလာသည်ဟု ဇွန်လ (၆) ရက်တွင် ဗြိတိန်ကျန်းမာရေး တာဝန်ရှိသူများက ထုတ်ပြန်ခဲ့ရာ နိုင်ငံတစ်ဝန်း၌ မျောက်ကျောက်ကူးစက်ခံရသူ စုစုပေါင်း ၃၀၀ ကျော် ရှိလာသည့် အနေအထား ဖြစ်လာသည်။ လက်ရှိအချိန်ထိ ဗြိတိန်သည် အာဖရိကပြင်ပတွင် မျောက်ကျောက်ကူးစက်ရောဂါ အများဆုံး ဖြစ်ပွားရာ နိုင်ငံအဖြစ် ရပ်တည်နေသည်။ |
| | | တောင်တရုတ်ပင်လယ်တွင် မိမိတို့၏ ကင်းထောက်လေယာဉ်တစ်စင်းကို တရုတ် ဂျက်တိုက်လေယာဉ်တစ်စင်းက အန္တရာယ်ရှိလောက်သည့် အနေအထားမျိုးဖြင့် ကြားဖြတ်နှောင့်ယှက်ခဲ့ကြောင်း ဩစတြေးလျက စွပ်စွဲခဲ့ပြီးနောက်တွင် ဩစတြေးလျအနေဖြင့် ချင့်ချင့်ချိန်ချိန် လုပ်ဆောင်သင့်ကြောင်းနှင့် သို့မဟုတ်ပါက စိုးရိမ်ဖွယ် အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဟု တရုတ်က ဇွန်လ (၆) ရက်တွင် သတိပေးလိုက်သည်။ တောင်တရုတ်ပင်လယ်တွင် ကင်းလှည့်ပျံသန်းမှုများ လုပ်ဆောင်ခြင်းသည် လုပ်ရိုးလုပ်စဉ် တစ်ခုသာဖြစ်ကြောင်း ဩစတြေးလျက အခိုင်အမာ ပြောဆိုထားသည်။ |
| | | မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားစမ်းသပ်မှုကို လုပ်ဆောင်မည်ဆိုပါက အမေရိကန်၊ တောင်ကိုရီးယားနှင့် အခြားကမ္ဘာ့နိုင်ငံများက ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသား တုံ့ပြန်ကြလိမ့်မည်ဖြစ်ကြောင်း အမေရိကန်၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝင်ဒီရှာမန်က သတိပေးခဲ့သည်။ |
| ၇။ | ၈ – ၆ – ၂၀၂၂ | နျူကလီးယားလက်နက်အသစ်တစ်ခု စမ်းသပ်ဖွယ်ရှိနေသည်ဟု ယူဆခံထားရသည့် မြောက်ကိုရီးယားသည် COVID-19 ကူးစက်မှုများကို ထိန်းချုပ်မှုတွင် အကူအညီပေးမည်ဆိုသည့် ကမ်းလှမ်းချက်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်ရေးအတွက် အမေရိကန်၏ ကမ်းလှမ်းချက်များကို အကြိမ်ကြိမ် လျစ်လျူရှုခဲ့သည်ဟု အမေရိကန် သံတမန်တစ်ဦးက ဇွန်လ (၇) ရက်တွင် ပြောကြားခဲ့သည်။ |
| | | ယူကရိန်းအရှေ့ပိုင်း ဆီဗာရိုဒိုးနက်မြို့၏ လမ်းများပေါ်တွင် ရက်ပေါင်းများစွာကြာ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီးနောက် ယူကရိန်းတပ်ဖွဲ့များသည် ယင်းမြို့မှ ဆုတ်ခွာဖွယ်ရှိသည်ဟု လူဟန့်စ်ဒေသ အုပ်ချုပ်ရေးမှူး ဆာဂျီဂိုင်ဒေးက ပြောကြားခဲ့သည်။ ရုရှားက ဆီဗာရိုဒိုးနက်မြို့၏ လူနေဒေသများကို အလုံးစုံ ထိန်းချုပ်နိုင်ခဲ့ကြောင်း ဇွန် ၇ ရက်က ပြောကြားနေချိန်တွင် ယူကရိန်းတပ်ဖွဲ့များသည် စက်မှုဇုန်များနှင့် အနီးတစ်ဝိုက်ဒေသများကို ထိန်းချုပ်ထားဆဲဖြစ်ကာ ရုရှားတပ်ဖွဲ့များသည် မြို့ကို ထိန်းချုပ်နိုင်ခြင်းမရှိဟု ယူကရိန်းအရာရှိများက ပြောကြားခဲ့သည်။ |
| ၈။ | ၉ – ၆ – ၂၀၂၂ | တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ လူဦးရေ ၂.၇ သန်း နေထိုင်သော ဒေသတစ်ခုတွင် လူအများအပြားကို ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးရန်အတွက် ဇွန်လ(၁၁)ရက်၌ လော့ခ်ဒေါင်းချထားမည်ဟု ရှန်ဟိုင်းမြို့ အာဏာပိုင်များက ကြေညာခဲ့သည်။ |
| | | မျောက်ကျောက်ရောဂါ ဖြစ်ပွားခြင်းမရှိဟုဆိုသော နိုင်ငံများ၌ပင် အတည်ပြုလူနာ တစ်ထောင်ကျော်ရှိနေသည်ဟု ဇွန်လ ၈ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိပေးခဲ့သည်။ ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့ဖြစ်သော WHO အနေဖြင့် မျောက်ကျောက်ဗိုင်းရပ်စ်အတွက် လူအများအပြား ကာကွယ်ဆေးထိုးနှံခြင်းကို အကြံပြုထားခြင်းမရှိဟု WHO အကြီးအကဲ တက်ဒရိုအက်ဟာ နွန်ဂျီဘရီးဆက်က ထုတ်ဖော်ပြောကြားခဲ့သည်။ |

| | | |
|---|---|---|
| | | မျောက်ကျောက်ရောဂါကြောင့် ယခုထိ သေဆုံးသူ မရှိသေးဟုလည်း ၎င်းက ပြောသည်။ |
| | | သီရိလင်္ကာတွင် အစိုးရ၏ စည်းမျဉ်းသစ်များကို ဆန့်ကျင်သည့်အနေဖြင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာသမဂ္ဂတစ်ခုက သပိတ်မှောက်ခဲ့ပြီးနောက် နိုင်ငံ၏ နေရာဒေသတစ်ခွင်တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ခဲ့ရသည်။ သီရိလင်္ကာ၏ အဓိက ဓာတ်အားပေးဝေရေး ကုမ္ပဏီဖြစ်သည့် အစိုးရပိုင် Ceylon Electricity Board (CEB) မှ အင်ဂျင်နီယာ ၉၀၀ ခန့်သည် ဇွန်လ(၈)ရက် ညသန်းခေါင်တွင် သပိတ်မှောက်ခဲ့သည့်အတွက် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (၈) ရုံ၌ လည်ပတ်မှုများ ရပ်ဆိုင်းသွားခဲ့သည်။ ယင်းသည် ကြီးမားသော စီးပွားရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းနေရသည့် သီရိလင်္ကာအတွက် စိန်ခေါ်မှုများ ပိုမိုကြီးထွားလာစေသည်။ |
| | | ထိုင်ဝမ်၏ စစ်သင်္ဘောများ ပြုပြင်ထိန်းသိမ်းမှုကို အကူအညီပေးရန်အတွက် အမေရိကန်ဒေါ်လာသန်း ၁၂၀ ခန့်ရှိနိုင်သည့် ပစ္စည်းအစိတ်အပိုင်းများ ရောင်းချပေးရန် အမေရိကန်အစိုးရက အတည်ပြုလိုက်သည်။ ယင်းကဲ့သို့ အတည်ပြုခြင်းကြောင့် ထိုင်ဝမ်ကျွန်းအနီး၌ တရုတ်က စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်လာစဉ် မိမိတို့၏ တိုက်ပွဲအတွက် အသင့်ပြင်နိုင်စွမ်းကို အားဖြည့်ကူညီရာ ရောက်မည်ဖြစ်ကြောင်း ထိုင်ဝမ် ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။ အဆိုပါ ရောင်းချမှုတွင် စစ်သင်္ဘောများ၊ အပိုပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းသည့် အစိတ်အပိုင်းများ ပါဝင်မည်ဖြစ်ကာ ထောက်ပံ့ပို့ဆောင်ရေး နည်းပညာ ပံ့ပိုးကူညီမှု၊ အစိုးရနှင့် ကန်ထရိုက်တာ ကိုယ်စားလှယ်၏ နည်းပညာနှင့် ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးမှုများလည်း ပါဝင်မည်ဖြစ်သည်။ |
| | | ရုရှားတပ်ဖွဲ့များက ယူကရိန်းအရှေ့ပိုင်း၌ အဓိကကျသော ဆီဗာရိုဒိုးနက်မြို့ကြီးကို ယေဘုယျအားဖြင့် ထိန်းချုပ်ထားသည်ဟု ဇွန်လ (၈) ရက်တွင် ယူကရိန်းအစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။ "ဆီဗာရိုဒိုးနက်ဟာ ဒွန်းဘက်စ်ဒေသမှာ တိုက်ပွဲဗဟိုပြုရာနေရာအဖြစ် ရှိနေပါတယ်။ ဒီတိုက်ပွဲဟာ အလွန်ပြင်းထန်တဲ့၊ ခက်ခဲတဲ့ တိုက်ပွဲဖြစ်ပါတယ်။ ဒီစစ်ပွဲမှာ အပြင်းထန်ဆုံး တိုက်ပွဲလို့တောင် ဆိုနိုင်ပါတယ်" ဟု ဇလန်းစကီးက ပြောကြားခဲ့သည်။ ရုရှားတပ်များက ဆီဗာရိုဒိုးနက်မြို့ကို ၂၄ နာရီလုံးလုံး လက်နက်ကြီးများဖြင့် တိုက်ခိုက်နေသောကြောင့် ယူကရိန်းတပ်ဖွဲ့များသည် နောက်ဆုတ်ရမည့် အနေအထား ဖြစ်နေသည်ဟု လူဟန့်အုပ်ချုပ်ရေးမှူး ဆာဂျီဂိုင်ဒေးက ပြောကြားသည်။ ရုရှားက ယူကရိန်း အရှေ့ပိုင်းဒေသ အများအပြားကို သိမ်းပိုက်ရန် ကြိုးပမ်းနေသောကြောင့် မဟာဗျူဟာကျသော ဆီဗာရိုဒိုးနက်မြို့သည် ရုရှားထိုးစစ်၏ ဗဟိုအချက်အချာ ဖြစ်လာခဲ့သည်။ |
| | | ယူကရိန်းကို ရုရှားကျူးကျော်မှုနှင့် စပ်လျဉ်း၍ ဖြစ်လာသော အကျိုးဆက်များသည် ကမ္ဘာအတွက် ပိုမိုဆိုးရွားလာသောကြောင့် ကမ္ဘာ့ပြည်သူ ၁.၆ ဘီလီယံကို သက်ရောက်နိုင်သည်ဟု ဇွန်လ ၈ ရက်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က သတိပေးခဲ့သည်။ “စားနပ်ရိက္ခာလုံခြုံမှု၊ စွမ်းအင်နဲ့ငွေကြေးတို့နဲ့ ပတ်သက်ပြီး စစ်ပွဲရဲ့သက်ရောက်မှုဟာ ပြင်းထန်နေတယ်။ မြန်ဆန်နေပါတယ်” ဟု ဂူတာရက်စ်က ပြောသည်။ ကမ္ဘာတစ်ဝန်းက ပြည်သူများအတွက် စစ်ပွဲသည် မကြုံဖူးသော ငတ်မွတ်မှုနှင့် ခိုကိုးရာမဲ့လှိုင်းကို ပွင့်ထွက်စေရန် ခြိမ်းခြောက်လျက်ရှိကာ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဝရုန်းသုန်းကား အခြေအနေများကို ကျန်ရစ်စေမည်ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ |
| ၉။ | ၁၀ – ၆ – ၂၀၂၂ | တရုတ်နိုင်ငံ၏ လူဦးရေအများဆုံးမြို့ဖြစ်သည့် ရှန်ဟိုင်းတွင် ဒေသခံ ၂၅ သန်း၏ ထက် |

| | | |
|---|---|---|
| | | ဝက်ကျော်သည် သီတင်းတစ်ပတ်ကုန် ရောဂါစစ်ဆေးမှုကို ခံယူနေချိန်တွင် တရုတ်အနေဖြင့် ကိုဗစ်ကင်းစင်မဟာဗျူဟာကို မဆုတ်မနစ် တိကျစွာ လုပ်ဆောင်ရမည်ဟု သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ တရုတ်သည် ရှောင်တခင် လော့ဒေါင်းချမှုများ၊ လူအစုလိုက် ရောဂါစစ်ဆေးမှုများနှင့် ကွာရန်တင်း မဝင်မနေရ စည်းကမ်းချက်များ ချမှတ်ကာ ရောဂါကူးစက်မှုများအားလုံးကို ထိန်းချုပ်ရန် တင်းကျပ်သည့် မူဝါဒချမှတ်ပြီး လုပ်ဆောင်နေသည့် တစ်ခုတည်းသော အဓိက စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်သည်။ |
| | | ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏ လက်ရှိလုပ်ရပ်များကို ၁၈ ရာစုအတွင်းက ဆွီဒင်နှင့် ဖြစ်ပွားခဲ့သောစစ်ပွဲ၌ ဘောလ်တစ်ကမ်းရိုးတန်းကို အောင်နိုင်ခဲ့သည့် ကြီးမြတ်သော ပီတာ (Peter the Great) ၏ အောင်ပွဲနှင့် နှိုင်းယှဉ်ခဲ့သည်။ မော်စကိုမြို့၌ ကြီးမြတ်သော ဇာဘုရင်ပီတာ၏ အနှစ် ၃၅၀ ပြည့်မွေးနေ့ကို ရည်ရွယ်၍ ကျင်းပသော ပြပွဲတစ်ခုကို သွားရောက်ပြီးနောက် ပူတင်က ငယ်ရွယ်သော စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို ပီတာအကြောင်း ပြောကြားခဲ့သည်။ |
| | | ယူကရိန်းတပ်ဖွဲ့များသည် စစ်မြေပြင်တွင် အမေရိကန်ထံမှ Himars ဒုံးကျည်စနစ်ကို အလိုရှိနေသည် ဆိုသော်လည်း ရုရှားတပ်ဖွဲ့များကို တိုက်ခိုက်ရာတွင် တာဝေးပစ်မှတ်တိကျသော (Himar) စနစ်ကို ထိရောက်စွာ အသုံးပြုတတ်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် သင်တန်းပေးရန် လိုအပ်နေသည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ Himars စနစ်လေးမျိုးကို ယူကရိန်းအတွက် ပြင်ဆင်နေဆဲဖြစ်ပြီး ဒုံးကျည်ပစ်လွှတ်သည့်စနစ်ကို တပ်စုတစ်စုအား သင်တန်းပေးရန် လိုအပ်ခြင်းကြောင့် ယူကရိန်းထံပေးပို့ရန် ကြန့်ကြာစေနိုင်သည်ဟု ပူးတွဲဦးစီးချုပ်များဥက္ကဋ္ဌ မာ့ခ်မီလေးက ဇွန်လ (၈) ရက်တွင် ပြောကြားသည်။ Himars အပြင် ဗြိတိန်နှင့် အမည်မဖော်လိုသော အခြားနိုင်ငံတစ်နိုင်ငံတို့က ပံ့ပိုးပေးထားသော M 270 Multiple Launch Rocket System တို့က စစ်မြေပြင်၌ ယူကရိန်း အသာရအောင် လုပ်ပေးနိုင်မည်ဟု အနောက်မဟာမိတ်နိုင်ငံများနှင့် ယူကရိန်းက မျှော်လင့်ထားကြသည်။ |
| | | ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေများ ဆက်လက်ယိုယွင်းနေချိန်တွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ယခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခန့်မှန်းချက်ကို နောက်တစ်ကြိမ် လျှော့ချရန် မျှော်မှန်းထားသည်ဟု IMF ၏ တာဝန်ရှိသူတစ်ဦးက ဇွန်လ (၉) ရက်တွင် ပြောကြားသည်။ ယူကရိန်းစစ်ပွဲဖြစ်ပွားနေမှု၊ ငွေကြေးဖောင်းပွမှု မြင့်တက်နေမှုနှင့် တရုတ်တွင် စီးပွားရေးဖွံ့ဖြိုးမှုမှာ မျှော်မှန်းထားသလောက် တိုးတက်ခြင်းမရှိမှု အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အခြေအနေများမှာ လျင်မြန်စွာ ဖြစ်ပျက် ပြောင်းလဲနေသည်ဟု IMF ပြောရေးဆိုခွင့်ရှိသူ ဂါရီရိုက်စ်က ပြောကြားသည်။ |
| | | မြောက်ကိုရီးယားသည် ၎င်း၏ နိုင်ငံသားအားလုံးအတွက် COVID-19 ကာကွယ်ဆေးများ ဝယ်ယူရန် လုံလောက်သည့် ငွေကြေးပမာဏဖြစ်သည့် ဒေါ်လာ သန်း ၆၅၀ ခန့်ကို ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုများအတွက် အသုံးပြုခဲ့သည်ဟု တောင်ကိုရီးယားအစိုးရနှင့် ပေါင်းစည်းထားသည့် ဆိုးလ်မြို့တော်အခြေစိုက် ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့က ဇွန်လ (၉) ရက်တွင် ပြောကြားခဲ့သည်။ ကင်ဂျုံအန်း၏ အစိုးရအဖွဲ့သည် ယခုနှစ်အတွင်း ပစ်လွှတ်ခဲ့သည့် ဒုံးကျည် ၃၃ စင်း ထုတ်လုပ်မှုနှင့် စမ်းသပ်မှုများအတွက် ဒေါ်လာ သန်း ၄၀၀ မှ သန်း ၆၅၀ အကြား သုံးစွဲခဲ့သည်ဟု ခန့်မှန်းရကြောင်း ကာကွယ်ရေးသုရုပ်ခွဲမှုဆိုင်ရာ ကိုရီးယားအင်စတီကျု၏ ထုတ်ပြန်ချက်အရ သိရသည်။ မြောက် |

| | | |
|---|---|---|
| | | ကိုရီးယားသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှု ၁၈ ကြိမ်ခန့် စံချိန်တင်ပြုလုပ်ခဲ့သည်။ |
| | | ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါသည် ဓာတ်ခွဲခန်းမှ ထွက်လာခြင်း ဟုတ်မဟုတ်ဆိုသည်ကို နောက်ထပ် လေ့လာမှုများပြုလုပ်ရန် လိုအပ်မည်ဟု ကိုဗစ်ဇာစ်မြစ်ကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကို အကြံပေးနေသော သိပ္ပံပညာရှင်များက ဇွန်လ (၉) ရက်တွင် ဖော်ပြခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ဇာစ်မြစ်ဆိုင်ရာ သိပ္ပံအကြံပေးအဖွဲ့ဟုခေါ်သည့် (SAGO) အဖွဲ့၏ ကနဦးအစီရင်ခံစာတွင် နှစ်တစ်ရာအတွင်း အဆိုးရွားဆုံး ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားရခြင်း နောက်ကွယ်၌ ဗိုင်းရပ်စ်ဇာစ်မြစ်နှင့် သက်ဆိုင်သည့် ခိုင်လုံသော တွေ့ရှိချက်များကို မတွေ့ရဟု ဖော်ပြထားသည်။ |
| ၁၀။ | ၁၁ – ၆ – ၂၀၂၂ | ယူကရိန်းသမ္မတ ဗိုလိုဒီမာဇလန်းစကီးသည် ရုရှား၏ ကျူးကျော်မှုမတိုင်မီ အမေရိကန်၏ သတိပေးချက်များကို နားထောင်ရန် ဆန္ဒမရှိခဲ့ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လော့စ်အိန်ဂျလိစ်မြို့တွင် ပြုလုပ်သည့် ရန်ပုံငွေရှာဖွေရေး အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ (၂၄) ရက်တွင် သမ္မတပူတင်က ယူကရိန်းကို အထူးစစ်ဆင်ရေး ဆင်နွှဲကြောင်း မကြေညာမီကပင် ယူကရိန်းကို ကျူးကျော်ရန် ရုရှားက ပြင်ဆင်နေကြောင်း အမေရိကန်က ကြိုတင်သတိပေးခဲ့သည်။ သို့ရာတွင် ယင်းကဲ့သို့ သတိပေးချက်များကို မယုံကြည်မှုများ ရှိသကဲ့သို့ မဟာမိတ် ဥရောပနိုင်ငံအချို့၏ ဝေဖန်မှုများပါ ထွက်ပေါ်ခဲ့သည်။ |
| | | အာရှ – ပစိဖိတ်ဒေသတစ်ဝန်းတွင် တရုတ်၏ တိုးမြင့်လာသည့် ရန်စမှုများအပြင် ထိုင်ဝမ်အနီးတွင် ရန်လိုပြီး တည်ငြိမ်မှု ပျက်ပြားစေသည့် တရုတ်၏ စစ်ရေးလှုပ်ရှားမှုများကို အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် ပြစ်တင်ဝေဖန်ခဲ့သည်။ |
| | | ထိုင်ဝမ်အနေဖြင့် လွတ်လပ်ရေးကြေညာမည်ဆိုပါက တရုတ်အနေဖြင့် စစ်ပွဲစတင်ရန် ဝန်လေးမည်မဟုတ်ဟု တရုတ်ကာကွယ်ရေးဝန်ကြီး ဝေ့ဖန်ကော်က အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်ကို ဇွန် (၁၀) ရက်က သတိပေးခဲ့ပြီး ယင်းသည် ထိုင်ဝမ်နှင့်ပတ်သက်ပြီး စူပါပါဝါ နှစ်နိုင်ငံအကြား ကတောက်ကဆတ်ဖြစ်သည့် နောက်ဆုံးဖြစ်ရပ် ဖြစ်သည်။ စင်ကာပူတွင် ပြုလုပ်သည့် ရှန်ဂရီလာဆွေးနွေးပွဲ လုံခြုံရေး ညီလာခံတွင် ဝေ့က အော်စတင်နှင့် သီးသန့်တွေ့ဆုံရာ၌ ယင်းကဲ့သို့ သတိပေးခဲ့ခြင်းဖြစ်သည်။ |
| | | ယူကရိန်းတွင် ယနေ့ဖြစ်ပွားနေသည့် ပဋိပက္ခများသည် အရှေ့အာရှတွင်လည်း မနက်ဖြန်တွင် ဖြစ်ပွားလာနိုင်သည်ဟု ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက ဇွန်လ (၁၀) ရက်က စင်ကာပူတွင် ပြုလုပ်သည့် ရှန်ဂရီလာဆွေးနွေးပွဲ လုံခြုံရေးညီလာခံတွင် သတိပေးခဲ့သည်။ ကီရှီဒါက ဂျပန်သည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့်နိုင်ငံဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးမြင်ကွင်းသည် ဂျပန်အစိုးရအတွက် မိမိတို့၏ ကာကွယ်ရေးအနေအထားကို ပြန်လည်စိစစ်ရန် စေ့ဆော်မှုတစ်ခု ဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ |
| | | ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် တွန်းအားပေး လုပ်ဆောင်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုကို ရုရှားအစိုးရက ဇွန်လ (၁၀) ရက်တွင် ပြည်ပသူလျှိုအဖြစ် သတ်မှတ်ခဲ့သည်။ ရုရှားတရားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော အမည်ပျက် အဖွဲ့အစည်းများ စာရင်းတွင် ညှဉ်းပန်းနှိပ်စက်မှု ပပျောက်ရေး ကော်မတီကို ထည့်သွင်းလိုက်ခြင်းဖြစ်သည်။ ယင်းသည် နိုင်ငံအတွင်း၌ အတိုက်အခံများကို နှုတ်ဆိတ်သွားစေရန် လုပ်ဆောင်ခဲ့သည့် ရုရှားအစိုးရ၏ လတ်တ |

| | | |
|---|---|---|
| | | လော လုပ်ရပ်တစ်ခုဟု ဝေဖန်ပြောဆိုခဲ့ကြသည်။ |
| | | ယခုအချိန်ထိ ရှာဖွေတွေ့ရှိထားသည့် မျောက်ကျောက်ရောဂါ ကူးစက်မှုဖြစ်စဉ်များသည် ပုံမှန် ရောဂါလက္ခဏာများ လုံးဝပြသခြင်း မရှိသောကြောင့် ယင်းရောဂါကူးစက်မှု ဖြစ်စဉ်များကို ထောက်လှမ်းသိရှိနိုင်ရန် ပိုမိုခက်ခဲကြောင်း အမေရိကန် ကျန်းမာရေး ကျွမ်းကျင်သူများက ဇွန်လ (၁၀) ရက်တွင် ပြောကြားခဲ့သည်။ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးရာတွင် ရောဂါကူးစက်မှုဖြစ်စဉ်ကို ဖော်ထုတ်နိုင်ခြင်းသည် အရေးပါသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (CDC) က ပြောကြားသည်။ |
| ၁၁။ | ၁၂ – ၆ – ၂၀၂၂ | ထိုင်ဝမ်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် တင်းမာမှုများ မြင့်တက်နေချိန်တွင် တရုတ်အနေဖြင့် ထိုင်ဝမ်လွတ်လပ်ရေးကို ဟန့်တားရန် အဆုံးအထိ တိုက်ပွဲဝင်သွားမည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီး ဝေ့ဖန်ကော်က ပြောကြားသည်။ တရုတ်သည် ထိုင်ဝမ်ကို ၎င်း၏နယ်နိမိတ်တစ်ခုအဖြစ် ရှုမြင်ထားပြီး စူပါပါဝါနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် တရုတ်အကြား ထိုင်ဝမ်အရေးနှင့် ပတ်သက်ပြီး စကားစစ်ထိုးမှုများ ဖြစ်ပွားနေသည်။ တရုတ်စစ်လေယာဉ်များသည် ထိုင်ဝမ်အနီးတွင် မကြာခဏ ပျံသန်းနေသဖြင့် သံတမန်ဆက်ဆံရေး အခြေအနေကို တင်းမာစေခဲ့ကာ အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က တရုတ်သည် တည်ငြိမ်မှုကို ပျက်ပြားစေသည့် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေသည်ဟု ဇွန်လ (၁၁) ရက်က စင်ကာပူတွင် ပြုလုပ်ခဲ့သည့် ရှန်ဂရီလာ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။ ယင်းဆွေးနွေးပွဲမှာပင် တရုတ်ကာကွယ်ရေးဝန်ကြီး ဝေ့က အမေရိကန်ကာကွယ်ရေးဝန်ကြီး အော်စတင်၏ ပြောကြားချက်ကို တုံ့ပြန်သည့် အနေဖြင့် တရုတ်ထံမှ ထိုင်ဝမ်ကို သီးခြားခွဲထုတ်ရန် ကြိုးပမ်းမှုများ ရှိလာခဲ့လျှင် တရုတ်အနေဖြင့် တိုက်ခိုက်ရုံမှလွဲပြီး ရွေးချယ်စရာ မရှိဟု ၎င်းကဆိုသည်။ |
| ၁၂။ | ၁၃ – ၆ – ၂၀၂၂ | တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် အင်အားချင်းယှဉ်မည့် နည်းလမ်းကို အသုံးပြုသွားမည်ဟု ခေါင်းဆောင် ကင်ဂျုံအန်းက အခိုင်အမာ ပြောကြားခဲ့ပြီးနောက် ပြီးခဲ့သည့် သီတင်းပတ်ကုန်တွင် မြောက်ကိုရီးယားက အမြောက်ပစ်ခတ်စမ်းသပ်မှုများ လုပ်ဆောင်ခဲ့သည်ဟု တောင်ကိုရီးယားစစ်တပ်က ပြောကြားသည်။ မြောက်ကိုရီးယား အမြောက်တပ်မှ ပစ်ခတ်လိုက်သည်ဟု ယူဆရသော ကျည်လမ်းကြောင်းများကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ဇွန်လ (၁၂) ရက်တွင် ပြောကြားခဲ့သည်။ |
| | | မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ဇွန်လ (၁၂) ရက်တွင် ပြီးဆုံးခဲ့သည့် သုံးရက်ကြာ နိုင်ငံရေးညီလာခံတွင် တိုင်းပြည်၏ စစ်ရေးအင်အားကို တိုးမြှင့်တည်ဆောက်မည့် အစီအစဉ်များကို ကြေညာခဲ့သည်။ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး လီဂျုံဆော့ကလည်း မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုကို တန်ပြန်ရန် မိမိတို့၏ ကာကွယ်ရေးအင်အားကို အခိုင်အမာ တည်ဆောက်မည်ဖြစ်ပြီး အမေရိကန်၊ ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဟုလည်း ပြောကြားခဲ့သည်။ |
| | | ဩစတြေးလျနှင့် တရုတ်ကာကွယ်ရေးဝန်ကြီးတို့သည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇွန်လ (၁၂) ရက်က တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးမှုသည် နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် အရေးပါသော ခြေလှမ်းများကို စတင်လိုက်ခြင်းဖြစ်သည်။ မေလထဲတွင် အာဏာရလာခဲ့သည့် ဩစတြေးလျ ဗဟိုလက်ဝဲဝါဒီ အစိုးရ၏ ကာကွယ်ရေးဝန်ကြီး ရစ်ချက်မာလက်စ်သည် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် ရှန်ဂရီလာ ဆွေးနွေးပွဲ ဘေးဆွယ်တွေ့ဆုံမှုအဖြစ် တရုတ်ကာကွယ်ရေးဝန်ကြီး ဝေ့ဖန် |

| | | |
|---|---|---|
| | | ကော်နှင့် တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးမှုသည် အလွန်အရေးပါသည့် ကနဦးခြေလှမ်းများဖြစ်သည်ဟု သြစတြေးလျ ကာကွယ်ရေးဝန်ကြီး မာလက်စ်က ပြောကြားခဲ့သည်။ တရုတ်အစိုးရဘက်ကမူ အဆိုပါတွေ့ဆုံမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပြု ပြောဆိုခြင်း မရှိသေးပေ။ |
| | | ရုရှားသည် ယူကရိန်းစစ်ပွဲ၏ ပထမဆုံးရက် ၁၀၀ အတွင်းတွင် လောင်စာပို့ကုန်များမှ အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံ (ယူရို ၉၃ ဘီလီယံ) ရရှိခဲ့ပြီး အဆိုပါ လောင်စာအများစုကို ဥရောပသမဂ္ဂသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်ဟု ဇွန်လ (၁၃) ရက်တွင် ထုတ်ပြန်ခဲ့သော CREA အစီရင်ခံစာအရ သိရသည်။ ရုရှား၏ ဘဏ္ဍာရေးအသက်သွေးကြောကို ဖြတ်တောက်ပစ်ရန် အနောက်အုပ်စုအနေဖြင့် လုပ်ဆောင်နေပြီး ရုရှားနှင့် ကုန်သွယ်ရေးအားလုံးကို ဖြတ်ပစ်ရန် ယူကရိန်းက တိုက်တွန်းလျက်ရှိစဉ် ဖင်လန်အခြေစိုက် လွတ်လပ်သော CREA (စွမ်းအင်နှင့် သန့်စင်လေထုဆိုင်ရာ သုတေသနစင်တာ) ၏ အစီရင်ခံစာ ထွက်ပေါ်လာခြင်းဖြစ်သည်။ အစီရင်ခံစာအရ ဥရောပသမဂ္ဂသည် စစ်ပွဲ၏ ပထမရက် ၁၀၀ အတွင်းတွင် ရုရှား၏ လောင်စာပို့ကုန် ၆၁ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ဘီလျံ ၆၀ (ယူရို ၅၇ ဘီလျံ) ရှိသည်ဟု သိရသည်။ အပြောနှင့် အလုပ်ညီစေရန် Russian fossil fuels များကို ပိတ်ပင်ရန်လည်း CREA မှ လေ့လာဆန်းစစ်သူ လော်ရီမိုင် လီဗာတာက တောင်းဆိုခဲ့သည်။ |
| | | တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ဧပြီလက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကာလအတွင်း ကန့်သတ်ချက် စည်းမျဉ်းများကို ဖြေလျှော့ခဲ့ပြီးနောက် လွန်ခဲ့သည့် သီတင်းပတ်က ဈေးဝယ်သည့်နေရာတစ်ခုရှိ ဘားတစ်ခုတွင် ပေါ်ပေါက်ခဲ့သည့် ဆိုးရွားသော COVID-19 ကူးစက်မှုများကို နှိမ်နင်းနိုင်ရန် လူနေထူထပ်သည့် ချောင်ယန်းဒေသတွင် လူအုပ်စုလိုက် COVID-19 ကူးစက်ခံရခြင်း ရှိ၊ မရှိ သုံးကြိမ် စစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ |
| ၁၃။ | ၁၄ – ၆ – ၂၀၂၂ | နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် တရုတ်အနေဖြင့် သြစတြေးလျအပေါ် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းရန် လိုအပ်နေသည်ဟု သြစတြေးလျဝန်ကြီးချုပ်က ဇွန်လ (၁၄) ရက်တွင် ပြောကြားခဲ့သည်။ သုံးနှစ်နီးပါးအတွင်း နှစ်နိုင်ငံဝန်ကြီးများအကြား ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုကိုလည်း ကောင်းမွန်သောအရာ ဖြစ်သည်ဟု ၎င်းက ကြိုဆိုခဲ့သည်။ တရုတ်သည် သြစတြေးလျ၏ အကြီးဆုံး ကုန်သွယ်ဘက် ဖြစ်သကဲ့သို့ သြစတြေးလျ၏ ဝင်ငွေအများဆုံး ရရှိနေသော ပို့ကုန်ဖြစ်သည့် သံသတ္တုရိုင်းကို အများဆုံးမှာယူနေသော နိုင်ငံလည်းဖြစ်သည်။ |
| | | မြောက်ကိုရီးယားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ထပ်မံချမှတ်ရန် ကုလသမဂ္ဂ၌ အမေရိကန် ဦးဆောင်ကြိုးပမ်းမှုကို တရုတ်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရ၏ စိုးရိမ်မှုများကို အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်က တရုတ်ထိပ်တန်းသံတမန် ရန်ကျဲချီနှင့် ဆွေးနွေးခဲ့သည်ဟု အမေရိကန်အစိုးရ အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ |
| | | ရုရှားတပ်များက ယူကရိန်းအရှေ့ပိုင်း စက်မှုမြို့ကြီးဖြစ်သော ဆီဗာရိုဒိုးနက်သို့ ဝင်ရောက်ရန် နောက်ဆုံးတံတားများကို ဖျက်ဆီးလျက် မြို့ကို ပိတ်ဆို့ထားလိုက်သောကြောင့် သမ္မတဇလန်းစကီးက လက်နက်များမြန်မြန်ပို့ပေးရန်နှင့် ကြောက်စရာကောင်းသော သေကျေဒဏ်ရာရမှုများ ရပ်တန့်သွားရေးအတွက် ကူညီရန် အနောက်နိုင်ငံများကို လှိုက်လှိုက်လှဲလှဲ မေတ္တာရပ်ခံခဲ့သည်။ |

| | | |
|---|---|---|
| ၁၄။ | ၁၅ – ၆ – ၂၀၂၂ | ရုရှားအာဏာပိုင်များသည် BBC သတင်းဌာန၊ The Financial Times နှင့် The Guardian သတင်းစာတို့မှ ထင်ရှားသည့် သတင်းထောက်များ၊ အယ်ဒီတာများနှင့် ကာကွယ်ရေးအရာရှိများ အပါအဝင် ဗြိတိန်နိုင်ငံသား ၄၉ ဦးကို အမည်ပျက်စာရင်း သွင်းကြောင်း ဇွန်လ (၁၄) ရက်တွင် ပြောကြားခဲ့သည်။ "ဒီစာရင်းမှာ ပါဝင်တဲ့ ဗြိတိန် ဂျာနယ်လစ်တွေဟာ ယူကရိန်းနဲ့ ဒွန်းဘက်စ်ဒေသတွေမှာ ဖြစ်ပွားနေတဲ့ ဖြစ်စဉ်တွေနဲ့ ရုရှားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို တစ်ဖက်သတ်ရေးသားမှုတွေနဲ့ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိ ဖြန့်နေတဲ့ လုပ်ရပ်တွေထဲမှာ ပါဝင်ခဲ့သူတွေ ဖြစ်ပါတယ်" ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကမူ ယင်းကဲ့သို့ အမည်ပျက်စာရင်းသွင်းမှုသည် အတိုက်အခံများကို နှုတ်ပိတ်ရန်နှင့် ယူကရိန်းတွင် ရုရှား၏ စစ်ပွဲဆင်နွှဲမှုကို တိကျစွာ သတင်းဖော်ပြပေးနေသူများကို ဖိနှိပ်လေ့ရှိသည့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်၏ ဗီဇဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။ |
| ၁၅။ | ၁၆ – ၆ – ၂၀၂၂ | အမေရိကန်နိုင်ငံ သမ္မတ ဂျိုးဘိုင်ဒန်က ၎င်း၏ နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ အမေရိကန်ဒေါ်လာ ၂၂၅ သန်း အပြင် နောက်ထပ် ဒေါ်လာ ၁ ဘီလီယံ တန်ဖိုးရှိသော ထပ်တိုးလုံခြုံရေးအကူအညီ အစီအစဉ်တစ်ရပ်ကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဇွန်လ (၁၅) ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ တယ်လီဖုန်း ဆက်သွယ်ဆွေးနွေးမှုအတွင်း အထက်ပါဆုံးဖြတ်ချက်ကို ဘိုင်ဒန်က ယူကရိန်းသမ္မတ ဇလန်းစကီးအား အသိပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ လုံခြုံရေး အကူအညီထဲတွင် ယူကရိန်းအရှေ့ပိုင်း ဒွန်းဘတ်စ်ဒေသ စစ်ဆင်ရေး လုပ်ဆောင်ရန် "နောက်ထပ် ထပ်တိုးအမြောက်နဲ့ ကမ်းရိုးတန်း ကာကွယ်ရေး စစ်လက်နက်တွေ အပြင် ယူကရိန်းနိုင်ငံက မိမိကိုယ်ကို ကာကွယ်တဲ့ နေရာမှာ လိုအပ်နေတဲ့ အမြောက်နဲ့ ခေတ်မီဒုံးကျည်စနစ်တွေ ပါဝင်တဲ့ လက်နက်ခဲယမ်း မီးကျောက်တွေကို ပံ့ပိုးပေးသွားမှာပါ" ဟု အိမ်ဖြူတော်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ |
| | | ယူကရိန်းနိုင်ငံသမ္မတ ဇလန်းစကီးက ရုရှားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ဥရောပအနေဖြင့် ညှိနှိုင်းဆွေးနွေးမှု စားပွဲဝိုင်းတွင် ရှိနေမည်ဖြစ်ကာ လုံခြုံရေး အာမခံချက်များ ဆောင်ကြဉ်းပေးလျက်ရှိကြောင်း အလည်အပတ် ရောက်ရှိနေသော ပြင်သစ်နိုင်ငံသမ္မတ အီမန်နျူရယ် မက်ခရွန်က ရိုမေးနီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ နေတိုးအခြေစိုက်စခန်းတွင် ဇွန်လ (၁၅) ရက်က ပြောကြားခဲ့သည်။ "ကျွန်တော်တို့က ငြိမ်းချမ်းရေး တည်ဆောက်ချင်တာပါ။ ပစ်ခတ်မှုလုပ်နေတာတွေကို ရပ်တန့်ပြီး ဆွေးနွေးမှုတွေကို ပြန်လည်စတင်ရမှာပါ" ဟု မက်ခရွန်က ရိုမေးနီးယားနိုင်ငံ သမ္မတ Klaus Iohannis နှင့် Mihail Kogalniceanu လေတပ်အခြေစိုက်စခန်း၌ တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ |
| | | အမေရိကန်နိုင်ငံက ရုရှား – ယူကရိန်း ပဋိပက္ခဖြစ်ပွားနေစဉ်အတွင်း ယူကရိန်းနိုင်ငံအား စစ်ရေး အကူအညီ ၄.၆ ဘီလီယံ ပံ့ပိုးခဲ့ကြောင်း ယူကရိန်းရှိ အမေရိကန်သံရုံးမှ အချက်အလက်ကို ကိုးကား၍ ယူကရိန်းအစိုးရပိုင် သတင်းအေဂျင်စီ Ukrinform က ဇွန်လ (၁၅) ရက်တွင် သတင်းဖော်ပြသည်။ ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစ၍ အမေရိကန်နိုင်ငံ သမ္မတ ဂျိုးဘိုင်ဒန်သည် ယူကရိန်းနိုင်ငံထံ စစ်ရေးအကူအညီပံ့ပိုးမှု ၁၁ ကြိမ် ပေးပို့ခဲ့ကြောင်း သိရသည်။ |
| | | ရုရှားနိုင်ငံ၏ ဓာတ်ငွေ့ကုမ္ပဏီကြီးဖြစ်သော Gazprom က Nord Stream 1 သဘာဝ |

| | | |
|---|---|---|
| | | ဓာတ်ငွေ့ပိုက်လိုင်းရှိ နောက်ထပ် တာဘိုင်အင်ဂျင်ကို ပိတ်တော့မည်ဖြစ်ကြောင်းနှင့် ဥရောပသို့ ဓာတ်ငွေ့ပို့လွှတ်သည့် ပမာဏကို သိသိသာသာ လျှော့ချမည်ဖြစ်ကြောင်း ဇွန်လ (၁၅) ရက်က ကြေညာခဲ့သည်။ |
| | | အမေရိကန်နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး ဇွန်လ (၁၄) ရက်အထိ ရောဂါကူးစက်ခံရသူပေါင်း ၇၂ ဦးထိ မြင့်တက်သွားပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ (CDC) ၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။ အမေရိကန်နိုင်ငံ၌ ရောဂါကူးစက်မှု အများဆုံး ဖြစ်ပွားနေသည့် ကယ်လီဖိုးနီးယားပြည်နယ်နှင့် နယူးယောက်ပြည်နယ်များတွင် အတည်ပြုလူနာ ၁၅ ဦး စစ်ဆေးတွေ့ရှိခဲ့ခြင်းနှင့်အတူ နိုင်ငံတစ်ဝှမ်းရှိ ပြည်နယ်ပေါင်း ၁၈ ခုတွင် ရောဂါကူးစက်မှုများကို တွေ့ရှိခဲ့ရသည်။ |
| | | ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မျောက်ကျောက်နှင့် အော်သိုပေါ့ ဗိုင်းရပ်စ် (orthopoxvirus) ကူးစက်ခံရကြောင်း သံသယရှိသူ အရေအတွက်သည် ရာပေါင်းများစွာအထိ ရှိနေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ |
| ၁၆။ | ၁၈ – ၆ – ၂၀၂၂ | ယူကရိန်းအပေါ် ရုရှားက အထူးစစ်ဆင်ရေးဆင်နွှဲခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပြဿနာများ၏ အကြောင်းရင်းမဟုတ်ဘဲ အနောက်နိုင်ငံများကသာ ၎င်းတို့၏ အမှားကို ဖုံးဖိရန် ထိုအခြေအနေကို အသုံးချနေခြင်း ဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ဇွန် (၁၇) ရက်တွင် ပြောကြားခဲ့သည်။ "အခု ဖြစ်ပေါ်နေတဲ့ အခြေအနေဟာ မကြာသေးခင် လတွေက ဒွန်းဘတ်စ်ဒေသမှာ ရုရှားက အထူးစစ်ဆင်ရေး ဆင်နွှဲနေတဲ့ အကျိုးဆက်နဲ့ သိပ်ပြီးသက်ဆိုင်မှု မရှိပါဘူး" ဟု ရုရှားစကားပြောသူများ အဓိကနေထိုင်ရာ ယူကရိန်းအရှေ့ပိုင်းကို သမ္မတပူတင်က ရည်ညွှန်းပြောဆိုခဲ့သည်။ "ကုန်ဈေးနှုန်း မြင့်တက်မှု၊ ငွေကြေးဖောင်းပွမှု၊ စားသောက်ကုန်၊ လောင်စာဆီဈေးနှုန်းနဲ့ ပတ်သက်တဲ့ ပြဿနာတွေဟာ လက်ရှိ အမေရိကန်အစိုးရနဲ့ ဥရောပဗျူရိုကရေစီစနစ်ရဲ့ စီးပွားရေး မူဝါဒပိုင်းဆိုင်ရာ စနစ်အမှားတွေကြောင့်ပဲ ဖြစ်တယ်" ဟု စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားရာ၌ သမ္မတပူတင်က ထည့်သွင်းပြောဆိုခဲ့သည်။ |
| | | ဥရောပသမဂ္ဂတွင် ယူကရိန်း၏ တရားဝင် အဖွဲ့ဝင်လောင်း ဖြစ်လာရေးကို ဥရောပသမဂ္ဂက ဇွန် (၁၇) ရက်တွင် ထောက်ခံခဲ့ပြီး ယူကရိန်း၏ အိမ်နီးချင်း မော်လ်ဒိုဗာကိုလည်း အလားတူ ထောက်ခံခဲ့သည်ဟု သိရသည်။ |
| | | သီရိလင်္ကာတွင် လောင်စာများဝယ်ယူ တင်သွင်းရန် ဒေါ်လာများ ပြတ်လပ်နေသဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အားလုံးနီးပါး ရပ်တန့်သွားခဲ့ရာ စာသင်ကျောင်းများနှင့် အစိုးရရုံးများကို သီတင်းနှစ်ပတ်ကြာပိတ်ကြောင်း အာဏာပိုင်များက ဇွန် (၁၇) ရက်တွင် ကြေညာခဲ့သည်။ နိုင်ငံအတွင်း ဓာတ်ဆီနှင့် ဒီဇယ်များ ဆိုးရွားစွာ ပြတ်လပ်နေမှုကို တုံ့ပြန်ရာတွင် မရှိမဖြစ် ဝန်ဆောင်မှုပေးရသည့် ဌာနများကို ဆက်လက်လည်ပတ်စေရန်အတွက် အစိုးရရုံးဌာနအားလုံး၊ အများပြည်သူဆိုင်ရာ ဌာနများနှင့် ဒေသန္တရကောင်စီများကို ဇွန် (၂၀) ရက်မှစပြီး သီတင်းနှစ်ပတ်ကြာပိတ်ရန် ပြည်သူ့ရေးရာ အုပ်ချုပ်ရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ခဲ့သည်။ |
| ၁၇။ | ၁၉ – ၈ – ၂၀၂၂ | ရာထူးမှ ထွက်ခွာတော့မည့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး၏ သမီးဖြစ်သူ ဆာရာ ဒူတာတေး ကာပီယိုသည် ဇွန် (၁၉) ရက်က ဖိလစ်ပိုင်နိုင်ငံ၏ ၁၅ ဦးမြောက် ဒုသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲကာလအလွန်တွင် တစ်နိုင်ငံလုံး ညီညီညွတ်ညွတ်ရှိကြရန် ၎င်းက တိုက်တွန်းခဲ့သည်။ |

| | | |
|---|---|---|
| | | "အနာဂတ်နေ့ရက်တွေဟာ စိန်ခေါ်မှုတွေနဲ့ ပြည့်နှက်နေနိုင်ပါတယ်။ အဲဒါကြောင့် တစ်နိုင်ငံလုံး ပိုမိုညီညွတ်ကြဖို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်" ဟု သူ၏ဇာတိမြေဖြစ်သော ဒါဗာအိုမြို့တွင် ရာထူးလက်ခံရယူသည့် အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ဒူတာတေး ကာပီယိုသည် အဆိုပါမြို့၌ပင် ဖခင်ဖြစ်သူ သမ္မတ ရိုဒရီဂိုဒူတာတေး ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ |
| ၁၈။ | ၂၀ - ၈ - ၂၀၂၂ | ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် အသိအမှတ်ပြုနိုင်ငံစာရင်းတွင် ထည့်သွင်းခံရရန် ယူကရိန်းနိုင်ငံက အီးယူ၏ သမိုင်းဝင်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းလျက်ရှိစဉ် ရုရှားက ယခု သီတင်းပတ်အတွင်းတွင် တိုက်ခိုက်မှုများကို အရှိန်မြှင့်တင်လာနိုင်သည်ဟု ယူကရိန်းသမ္မတ ဇလန်းစကီးက သတိပေး ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂ၏ အကြီးဆုံးအဖွဲ့ဝင် နိုင်ငံများဖြစ်သော ပြင်သစ်၊ ဂျာမနီနှင့် အီတလီခေါင်းဆောင်များ ယူကရိန်းမြို့တော်သို့ သွားရောက်ခဲ့ပြီးနောက် အီးယူအဖွဲ့ဝင်နိုင်ငံအဆင့် သတ်မှတ်ပေးရန် ယူကရိန်းနိုင်ငံ၏ ကြိုးပမ်းမှုကို ဇွန်လ (၁၇) ရက်တွင် ဥရောပသမဂ္ဂက ထောက်ခံခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံ အဆင့်သတ်မှတ်ရေးသည်ပင် နှစ်ချီကြာမြင့်သဖြင့် အီးယူအဖွဲ့ဝင်ဖြစ်ရေးသည် နှစ်ပေါင်းများစွာ ကြာနိုင်သည်ဟု တာဝန်ရှိသူများနှင့် ခေါင်းဆောင်များက သတိပေးခဲ့ကြပြီး နေတိုးအကြီးအကဲ ယန်းစတိုလ်တင်ဘတ်က စစ်ပွဲသည် နှစ်ချီကြာမြင့်မည့် အနေအထားရှိနေသောကြောင့် အနောက်နိုင်ငံများအနေဖြင့် ယူကရိန်းကို ရေရှည် စစ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အကူအညီများ ပေးအပ်ရေးအတွက် အဆင်သင့်ပြင်ထားရန် တိုက်တွန်းပြောကြားသည်။ |
| | | ရုရှားတပ်များနှင့် သီတင်းပတ်ပေါင်းများစွာ ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ အချက်အချာနေရာဖြစ်သည့် အရှေ့ပိုင်းစက်မှုမြို့ကြီး ဆီဗာရိုဒိုးနက်နှင့် ကပ်လျက်ရွာတစ်ရွာကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီဟု ယူကရိန်းက ပြောကြားလိုက်သည်။ စစ်ပွဲမဖြစ်ပွားမီက လူ ၁၀၀၀ ဝန်းကျင် နေထိုင်ခဲ့သောရွာကို သိမ်းပိုက်နိုင်ခဲ့ခြင်းမှာ ရုရှားတို့နောက်ဆုံး သိမ်းယူမိသောရွာ ဖြစ်လာခဲ့သည်။ ဆီဗာရိုဒိုးနက်မြို့ ဝန်းကျင်တွင် ရုရှားတပ်များနှင့် ယူကရိန်းတပ်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။ |
| | | အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်သည် ပါလက်စတိုင်းအရေး ညှိနှိုင်းဆောင်ရွက်ရာတွင် ယခင် အမေရိကန်သမ္မတများကဲ့သို့ပင် တူညီသောမူဝါဒဖြင့် လုပ်ဆောင်နေကြောင်း ပါလက်စတိုင်း အဆင့်မြင့်အရာရှိတစ်ဦးက ဇွန်လ (၁၉) ရက်တွင် ပြောကြားသည်။ "အရင်လူတွေ အတိုင်းပါပဲ ဘိုင်ဒန်အစိုးရအဖွဲ့ကလည်း အစ္စရေးကို စစ်ရေးနဲ့ ဘဏ္ဍာရေးထောက်ပံ့မှုတွေ လုပ်နေပါတယ်၊ ပြီးတော့ ကုလသမဂ္ဂမှာ အစ္စရေးအတွက် နိုင်ငံရေးအရထောက်ခံမှုပေးတာနဲ့ ကာကွယ်ပေးတာတွေလည်း လုပ်နေပါတယ်" ဟု ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ချုပ် (PLO) အမှုဆောင်ကော်မတီဝင် Salleh Ra'fat က ပြောကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြသည်။ အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်းများအပေါ် အစ္စရေးက အရေးယူ ဆောင်ရွက်မှုများနှင့် အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆိုသည်။ |
| | | ဇွန်လ (၁၉) ရက်တွင် ကျင်းပပြုလုပ်သော လွှတ်တော်ရွေးကောက်ပွဲ၏ ဒုတိယ အကျော့မဲရလဒ်များအရ လာမည့် ပြင်သစ်လွှတ်တော် အစည်းအဝေးတွင် လက်ရှိ သမ္မတ မက်ခရွန်အနေဖြင့် ထောက်ခံမှု အပြည့်အဝ ရရှိတော့မည် မဟုတ်ကြောင်း ဇွန်လ (၂၀) ရက် အစောပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော အပြီးသတ် မဲစာရင်းရလဒ်များအရ သိရသည်။ မက်ခရွန်၏ မဟာမိတ်ဖြစ်သည့် Ensemble ပါတီသည် လွှတ် |

| | | |
|---|---|---|
| | | တော်အမတ် ၂၄၅ နေရာ အနိုင်ရရှိခဲ့သော်လည်း လွှတ်တော်အား အပြည့်အဝ ထိန်းချုပ်ရန် လိုလောက်သော အမတ်နေရာဖြစ်သည့် ၂၈၉ နေရာရရှိရန် ထောက်ခံမဲအရေအတွက် မရရှိခဲ့ကြောင်း သိရသည်။ ဧပြီလတွင်ကျင်းပခဲ့သည့် သမ္မတ ဒုတိယသက်တမ်းအတွက် ရွေးကောက်ပွဲတွင် မက်ခရွန်သည် ပြိုင်ဖက် Le Pen အပေါ် အနိုင်ရရှိခဲ့ကြောင်းနှင့် ၎င်း၏ သမ္မတပထမသက်တမ်းတွင် လွှတ်တော်၌ အပြည့်အဝ ထောက်ခံမှု အများစု ရရှိထားသူဖြစ်သည်။ |
| | | အမေရိကန်၏ ဒဏ်ခတ်ပိတ်ဆို့ခြင်း ခံထားရသည့် အဆင့်မြင့်အရာရှိကြီး ၄ ဦး ပါဝင်သော ဟောင်ကောင်အစိုးရသစ်ကို တရုတ်အစိုးရက ဇွန်လ (၁၉) ရက်တွင် ခန့်အပ်တာဝန်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ်က ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းအသွင် ဧရာမဆန္ဒပြပွဲကြီးများ ဖြစ်ပွားခဲ့ပြီးနောက် တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဟောင်ကောင်တွင် တရုတ်အစိုးရက အမျိုးသားလုံခြုံရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့မှုအတွက် ဟောင်ကောင်နှင့် တရုတ်အစိုးရ တာဝန်ရှိသူ ၁၁ ဦးကို အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အနက်မှ ၇ ဦးသည် ဟောင်ကောင်အစိုးရအဖွဲ့ဝင် အရာရှိများဖြစ်ကြပြီး အုပ်ချုပ်ရေးမှူးသစ် ဂျွန်လီ၊ လုံခြုံရေးရာဝန်ကြီး ခရစ္စတန်၊ တရုတ်ပြည်မရေးရာဝန်ကြီး အဲရစ်ဆန်းနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် အဲရစ်ချန် အပါအဝင် ၄ ဦးသည် အစိုးရသစ်တွင် ဆက်လက်ပါဝင်မည် ဖြစ်သည်။ |
| ၁၉။ | ၂၁ – ၆ – ၂၀၂၂ | ကိုလံဘီယာနိုင်ငံတွင် ဂူစတာဗိုပက်ထရို (Gustavo Petro) ၏ သမ္မတရွေးကောက်ပွဲ အနိုင်ရရှိခဲ့မှုသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ထိန်းသိမ်းရန်နှင့် တွေ့ဆုံဆွေးနွေးရန်အတွက် အခွင့်အလမ်းတစ်ခုကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း ဗင်နီဇွဲလား ညီညွတ်သော ဆိုရှယ်လစ်ပါတီ (PSUV) ပထမဒုတိယဥက္ကဋ္ဌ Diosdado Cabello က ပြောကြားခဲ့သည်။ |
| | | ရုရှားနိုင်ငံ၏ ကလင်နင်ဂရက်ဒေသ(Kaliningrad) သို့ အရေအတွက်များစွာသော ကုန်ပစ္စည်းများ ပို့ဆောင်ရန်အတွက် ၎င်း၏ နယ်မြေပိုင်နက်အတွင်း ဖြတ်သန်းသွားလာမှု ပိတ်ပင်တားဆီးထားခြင်းကို ချက်ချင်းရုပ်သိမ်းပေးရန် လစ်သူယေးနီးယား နိုင်ငံအားတောင်းဆိုလိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန်လ (၂၀) ရက်တွင် ပြောကြားခဲ့သည်။ ထိုသို့ ပိတ်ပင်တားဆီးထားခြင်းကို ချက်ချင်းရုပ်သိမ်းပေးရန် ရုရှားနိုင်ငံက တောင်းဆိုခဲ့ပြီး ယင်းလုပ်ရပ်မှာ "ရန်စမှုနှင့် ပွင့်ပွင့်လင်းလင်း ရန်လိုမှု" ဖြစ်ကြောင်း ပြောကြားခဲ့သည်။ |
| | | ယူကရိန်း၌ ဖြစ်ပွားဆဲစစ်ပွဲကြောင့် ရုရှားထံမှ စွမ်းအင်သွင်းကုန်များ ရရှိရေးနှင့် စပ်လျဉ်း၍ မရေရာမှုများ ရှိလာသဖြင့် နိုင်ငံ၏ စွမ်းအင်ရရှိမှုနှင့် ပတ်သက်၍ စိုးရိမ်နေကြောင်း ဒိန်းမတ်စွမ်းအင်ဌာနမှ ကြေညာလိုက်ပြီး ထိုကိစ္စနှင့်ပတ်သက်၍ ပထမအဆင့် သတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။ ရုရှားဓာတ်ငွေ့များကို ဝယ်ယူရာတွင် ရူဘယ်ငွေဖြင့်ပေးချေရန် ဒိန်းမတ်စွမ်းအင်ကုမ္ပဏီ အော်စတက်က ငြင်းဆန်ခဲ့သဖြင့် ဒိန်းမတ်သို့ ရုရှား၏ ဓာတ်ငွေ့တင်ပို့မှုအား ဇွန်လ (၁) ရက်တွင် ရပ်ဆိုင်းလိမ့်မည်ဟု ယင်းကုမ္ပဏီက မေလကုန်ပိုင်းတွင် ထုတ်ပြန်ခဲ့ပြီးနောက် ဒိန်းမတ်စွမ်းအင်ဌာန၏ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ရုရှားသည် ဒိန်းမတ်သဘာဝဓာတ်ငွေ့ သွင်းကုန်များ၏ အဓိကအရင်းအမြစ် ဖြစ်သည်ဟု ဒိန်းမတ်စွမ်းအင်ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ |
| ၂၀။ | ၂၂ – ၆ – ၂၀၂၂ | ဇွန်လ (၂၁) ရက်က တိုက်လေယာဉ် ၁၇ စင်းနှင့် ဗုံးကြဲလေယာဉ် ၆ စင်း အပါအဝင် တရုတ်လေယာဉ် ၂၉ စင်းသည် ထိုင်ဝမ်၏ လေကြောင်းကာကွယ်ရေး သတ်မှတ်ဇုန် |

| | | |
|---|---|---|
| | | (ADIZ) အတွင်းသို့ ဝင်ရောက်ပျံသန်းခဲ့ပြီး ယင်းသည် ယခုနှစ်အတွင်း တရုတ်စစ်လေယာဉ် အစင်းရေ တတိယအများဆုံး ဝင်ရောက်ပျံသန်းမှုဖြစ်ခဲ့သည်ဟု ထိုင်ဝမ်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ တရုတ်သည် ထိုင်ဝမ်ကို ၎င်း၏နယ်နိမိတ် တစ်ခုအဖြစ် မှတ်ယူထားပြီး လိုအပ်လာပါက အင်အားသုံးပြီး သိမ်းယူသွားမည်ဟု ပြောကြားထားကာ ထိုင်ဝမ်သည် တရုတ်၏ ကျူးကျော်မည့် ခြိမ်းခြောက်မှုအောက်တွင် ရပ်တည်နေသည်။ ဇန်နဝါရီ ၂၃ ရက်က ၃၉ စင်း၊ မေ ၃၀ ရက်က အစင်း ၃၀ နှင့် ယခုအကြိမ်သည် ယခုနှစ်အတွင်း ထိုင်ဝမ်၏ လေကြောင်းကာကွယ်ရေး ဇုန်အတွင်းသို့ တစ်ရက်အတွင်း ဝင်ရောက်သည့် တရုတ်စစ်လေယာဉ် တတိယအများဆုံး ဖြစ်စဉ်ဖြစ်သည်။ |
| | | ယူကရိန်းပဋိပက္ခနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂ၏ ပိတ်ဆို့မှုကြောင့် ရုရှား၏ နိုင်ငံအပြင်ဘက်ရှိ ကလင်နင်ဂရက်မြို့သို့ သွားရောက်သည့် ကုန်တင်ရထားလမ်းကြောင်းအပေါ် တားမြစ်ကန့်သတ်မှုများ ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး ဆိုးရွားသည့် အကျိုးဆက်များ ရှိလာလိမ့်မည်ဟု ဇွန်လ (၂၁) ရက်တွင် ရုရှားက ဥရောပသမဂ္ဂနှင့် နေတိုးအဖွဲ့ဝင်ဖြစ်သည့် လစ်သူယေးနီးယားနိုင်ငံကို သတိပေးခဲ့သည်။ လက်ခံနိုင်ဖွယ်မရှိသည့် ယင်းလုပ်ဆောင်ချက်များသည် ဥရောပသမဂ္ဂ၏ ကျိုးကြောင်းဆီလျော်သည့် တရားရေးနှင့် နိုင်ငံရေး ဝတ္တရားများကို ချိုးဖောက်ရာရောက်ပြီး တင်းမာမှုများကို ပိုမိုမြင့်တက်စေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ |
| ၂၁။ | ၂၃ – ၆ – ၂၀၂၂ | ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံထားပြီး ကမ္ဘာ့ဂျီဒီပီတန်ဖိုး၏ လေးပုံတစ်ပုံနီးပါး ရှိနေသည့် ထွန်းသစ်စ စီးပွားရေးနိုင်ငံများအဖွဲ့(BRICS)၏ ထိပ်သီးအစည်းအဝေးကို တရုတ်က အိမ်ရှင်အဖြစ် ကြီးမှူးကျင်းပလျက်ရှိသည်။ BRICS အဖွဲ့ဝင် (၃) နိုင်ငံဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် တောင်အာဖရိကတို့သည် ယူကရိန်းအား ရုရှား၏ ကျူးကျော်မှုကို ပြစ်တင်ရှုတ်ချသည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် အဆိုမူကြမ်းကို မဲမပေးဘဲ ကြားနေခဲ့သည်။ ယူကရိန်းအကျပ်အတည်းသည် သတိပေးအချက်ပြမှု ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က BRICS စီးပွားရေးဖိုရမ်တွင် ပြောကြားခဲ့ပြီး စစ်ရေးအရ မဟာမိတ်ပြုမှုများ ချဲ့ထွင်ခြင်းနှင့် အခြားနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်စေလျက် မိမိနိုင်ငံ၏ လုံခြုံရေးကို အားဖြည့်ဆောင်ရွက်မှုများကိုလည်း သတိပေးခဲ့သည်။ |
| | | ယူကရိန်းကို ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်အဖြစ် သင့်တော်သောနိုင်ငံဖြစ်သည်ဟု တရားဝင်သတ်မှတ်ရန် အီးယူ၏ ဆုံးဖြတ်ချက်ကို သမ္မတဗိုလိုဒီမာဇလန်းစကီးက ကြိုဆိုဂုဏ်ပြုလိုက်ပြီး ထူးခြားသော သမိုင်းဝင်အခိုက်အတန့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ “ကျွန်တော်တို့ဟာ အီးယူအဖွဲ့ဝင်အဖြစ် သင့်တော်တဲ့ နိုင်ငံအဖြစ် သတ်မှတ်ခံရပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အောင်ပွဲဖြစ်ပါတယ်” ဟု ၎င်း၏ Instagram ဗီဒီယိုအတိုတွင် ၎င်းက ပြောကြားထားသည်။ ယူကရိန်းသည် နိုင်ပွဲဖြင့် ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံကို ပြန်လည်တည်ဆောက်ပြီးနောက် စိတ်ချရသည့် အနေအထား ဖြစ်သွားမည် ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။ |
| | | ရုရှား၏ ပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုများသည် ဒွန်းဘက်စ်ဒေသတစ်ခုလုံးကို ဖျက်ဆီးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သမ္မတဇလန်းစကီးက ပြောကြားလိုက်ပြီး စစ်မြေပြင်၌ ရုရှားကိုယှဉ်ရန် လက်နက်ကြီးများ ပေးပို့မှုကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ကြရန် မဟာမိတ်နိုင်ငံများကို တိုက်တွန်းခဲ့သည်။ ဒွန်းဘက်စ်၌ မီးကုန်ယမ်းကုန်တိုက်ခိုက်နေချိန် ရုရှားတပ်ဖွဲ့များက ရုရှားနယ်စပ်အနီးရှိ ယူကရိန်း၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ခါကိဗ်ကို တိုက်ခိုက်မှုများ ပြန်လည် |

| | | |
|---|---|---|
| | | လုပ်ဆောင်ခဲ့သည်။ ယင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၂၀ သေဆုံးခဲ့သည်ဟု ယူကရိန်းအစိုးရက ပြောကြားခဲ့သည်။ ကျူးကျော်သူ ရုရှားတို့က အရပ်သားများကို အဆက်မပြတ် တိုက်ခိုက်နေသည်ဟု ခါကိဗ်အုပ်ချုပ်ရေးမှူး အိုလက် ဆိုင်နီ ဟူဘော့က ပြောကြားသည်။ |
| | | မြောက်ကိုရီးယား၏ ကာကွယ်ရေးနှင့် စစ်ရေးဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်း၍ ပါတီ၏ အဓိက အစည်းအဝေးကို ဇွန်လ (၂၃) ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပခဲ့ပြီး ခေါင်းဆောင် ကင်ဂျုံအန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် အာဏာရပါတီ တာဝန်ရှိသူများက ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို တိုးမြှင့်ခြင်း၊ စစ်ဆင်ရေးစီမံချက်များကို ပြင်ဆင်မွမ်းမံခြင်းနှင့် စစ်တပ်၏ အဓိကကျသော ဖွဲ့စည်းပုံစနစ်များကို ပြန်လည် ဖွဲ့စည်းခြင်းတို့ကို ဆွေးနွေးခဲ့သည်ဟု Korea Central News Agency (KCNA) က ဖော်ပြသည်။ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယား စမ်းသပ်မှုကို အချိန်မရွေး လုပ်ဆောင်လာနိုင်ပြီး လုပ်ဆောင်မည့်အချိန်ကို ကင်ဂျုံအန်းက ဆုံးဖြတ်လိမ့်မည်ဟု တောင်ကိုရီးယား တာဝန်ရှိသူများက ဆိုသည်။ |
| ၂၂။ | ၂၄ – ၆ – ၂၀၂၂ | တောင်တရုတ်ပင်လယ်တွင် ပူးတွဲစွမ်းအင်စီမံကိန်းတစ်ခု ပြုလုပ်ရန် တရုတ်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို အဆုံးသတ်ရန် ဖိလစ်ပိုင်သမ္မတ ဒူတာတေးက အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ယင်းဆွေးနွေးမှုများကို ဖျက်သိမ်းခဲ့ကြောင်း ဖိလစ်ပိုင်က ဇွန်လ (၂၃) ရက်တွင် ပြောကြားခဲ့သည်။ "အနောက်ဖိလစ်ပိုင်ပင်လယ်မှာ ရေနံနဲ့ဓာတ်ငွေ့ တူးဖော်မှုတွေ အဆင်ပြေချောမွေ့စေဖို့အတွက် သဘောတူညီမှုတစ်ခုရဖို့ ကျွန်တော်ဟာ သုံးနှစ်ကြာကြိုးစားခဲ့ပါတယ်" ဟု ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး တီအိုဒိုရိုလော့စင်က အစီရင်ခံစာထဲတွင် ပြောကြားသည်။ ဒူတာတေးသည် တရုတ်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို အလုံးစုံဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ခဲ့သည်ဟု လော့ဆင်က ပြောကြားခဲ့ပြီး အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ |
| | | သီရိလင်္ကာတွင် လောင်စာကို ချွေတာရန်အတွက် လွှတ်တော်အစည်းအဝေးများကို သီတင်းတစ်ပတ်ကြာ ဖျက်သိမ်းခဲ့သည်ဟု အရာရှိများက ဇွန်လ (၂၃) ရက်တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားငွေကြေး ပြတ်လပ်မှုကြောင့် အစားအစာ၊ လောင်စာနှင့် ဆေးဝါးများ ဝယ်ယူတင်သွင်းနိုင်ခြင်း မရှိဘဲ ငွေကြေးဖောင်းပွမှုများ မြင့်တက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခြင်းတို့ကြောင့် သီရိလင်္ကာ၏ လူဦးရေ ၂၂ သန်းခန့်မှာ စားဝတ်နေရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ |
| ၂၃။ | ၂၅ – ၆ – ၂၀၂၂ | ယူကရိန်းစစ်ပွဲကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် ဆာလောင်ငတ်မွတ်မှုများ ဖြစ်လာနိုင်သည့်အပေါ် စိုးရိမ်မှုများကို ဖြေရှင်းရန်အတွက် ဂျာမနီအစိုးရက ထိပ်သီးအစည်းအဝေး တစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့စဉ် ရုရှားသည် ကောက်ပဲသီးနှံစစ်ပွဲဖြင့် ကမ္ဘာကြီးကို ဓားစာခံလုပ်နေသည်ဟု ဂျာမနီက စွပ်စွဲပြောကြားခဲ့သည်။ ယူကရိန်းမှ ကောက်ပဲသီးနှံတင်ပို့မှုများ ရပ်ဆိုင်းသွားခြင်းကြောင့် စားနပ်ရိက္ခာ မလုံလောက်မှု ဖြစ်ပေါ်လာမည်ကို နိုင်ငံအများအပြားက စိုးရိမ်နေချိန်တွင် ပြုလုပ်ခဲ့သည့် ယင်းအစည်းအဝေးသို့ ဂျီ ၇ ဝန်ကြီးများအပြင် နိုင်ငံပေါင်း ၄၀ မှ နိုင်ငံခြားရေး၊ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးများ အပါအဝင် နိုင်ဂျီရီးယား၊ တူနီးရှားနှင့် အင်ဒိုနီးရှားကဲ့သို့ အကျိုးဆက်များကို ပြင်းပြင်းထန်ထန် ကြုံတွေ့နေရသည့် နိုင်ငံများမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။ |

| | | |
|---|---|---|
| | | ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာ အကျပ်အတည်းသည် ယူကရိန်းကို ရုရှားက စစ်ဆင်ရေးဆင်နွှဲခြင်းနှင့် သက်ဆိုင်မှု မရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ဇွန်လ (၂၄) ရက်တွင် ကာကွယ်ပြောဆိုခဲ့ပြီး ရုရှား၏ အစေ့အဆန် တင်ပို့မှုကို ပိတ်ပင်တားမြစ်ထားသည့် အနောက်နိုင်ငံများကို တန်ပြန်အပြစ်တင်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးလ်နှင့် တောင်အာဖရိက အပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။ အမေရိကန် အပါအဝင် အနောက်နိုင်ငံများသည် ရုရှားနှင့် ဘီလာရုစ်တို့မှ မြေသြဇာတင်ပို့မှုများကို ကန့်သတ်ထိန်းချုပ်ခြင်းနှင့် ရုရှား၏ ကောက်ပဲသီးနှံ တင်ပို့မှုများကို ခက်ခဲသွားအောင် လုပ်ဆောင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးထုတ်လုပ်မှုကို တည်ငြိမ်မှု ပျက်ပြားအောင် လုပ်ဆောင်နေသည်ဟုလည်း သမ္မတ ပူတင်က စွပ်စွဲပြောကြားသည်။ |
| ၂၄။ | ၂၆ - ၆ - ၂၀၂၂ | ရုရှားတပ်ဖွဲ့များသည် ယူကရိန်းအရှေ့ပိုင်းရှိ ဆီဗာရိုဒိုးနက်စ်မြို့ကို အပြည့်အဝ သိမ်းပိုက်ခဲ့ပြီးနောက် ကီယက်ဗ်မြို့တော်ကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု မြို့တော်ဝန် ဗစ်တလီကလစ်ရှ်ကိုက ပြောကြားသည်။ ဇွန်လ (၂၅) ရက် နှောင်းပိုင်းကလည်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အိုင်ဂေါ်ကိုနက်ရှန် ကော့ဗ်က ဆီဗာရိုဒိုးနက်စ်မြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ဘိုရစ်ဗ်စကီး၊ ဗိုရိုနိုဗီနှင့် ဆိုင်ရိုတိုင်း ကျေးရွာတို့သည် အလုံးစုံလွတ်မြောက်သွားပြီဟု ကြေညာခဲ့သည်။ ရုရှားလို လားသည့် ခွဲထွက်ရေးဝါဒီများ၏ ပြောကြားချက်အရ ရုရှားတပ်ဖွဲ့များနှင့် ရုရှားလိုလားသည့် တပ်ဖွဲ့များသည် Azot စက်ရုံကို ထိန်းချုပ်ခဲ့ပြီး ယင်းစက်ရုံထဲမှ အရပ်သား ၈၀၀ ကျော်ကို ကယ်ထုတ်ခဲ့သည်ဟု ဆိုသည်။ ရုရှားတပ်ဖွဲ့များအနေဖြင့် အိမ်နီးချင်း လက်ချန့်စ်မြို့ကိုပါ ထိန်းချုပ်နိုင်ခဲ့မည်ဆိုပါက လူဟန့်စ်ဒေသကို ကျယ်ပြန့်စွာ ထိန်းချုပ်နိုင်မည်ဖြစ်ကာ ဒွန်းဘက်စ်ဒေသအတွင်းသို့ ထပ်မံဝင်ရောက်နိုင်မည့် အခွင့်အလမ်းကို ရရှိမည်ဖြစ်သည်။ |
| ၂၅။ | ၂၇ - ၆ - ၂၀၂၂ | အမေရိကန်သည် အာရှဒေသတွင် မြောက်အတ္တလန္တိတ် စာချုပ်ဝင်နိုင်ငံများအဖွဲ့ (နေတိုး) ကဲ့သို့ စစ်ရေးမဟာမိတ်အဖွဲ့ ဖွဲ့စည်းရန် ကြိုးပမ်းနေသည်ဟု မြောက်ကိုရီးယားက စွပ်စွဲပြောဆိုလိုက်သည်။ မိမိတို့အစိုးရကို ဖြုတ်ချရန် အမေရိကန်က တစ်စိုက်မတ်မတ် လုပ်ဆောင်နေခြင်းကြောင့် မိမိတို့၏ ကာကွယ်ရေးအင်အားကို ပိုမိုခိုင်မာအောင် မဖြစ်မနေ တည်ဆောက်ရလိမ့်မည် ဖြစ်ကြောင်းလည်း ပြောကြားသည်။ မြောက်ကိုရီးယားအနေဖြင့် ငါးနှစ်အတွင်း ပထမဆုံး နျူကလီးယားစမ်းသပ်မှု လုပ်ဆောင်လာနိုင်သည့်အပေါ် စိုးရိမ်မှုများ ရှိနေချိန်နှင့် ယင်းကိုဟန့်တားရန်အတွက် လိုအပ်ပါက အမေရိကန်အနေဖြင့် စစ်လက်နက်များ တိုးမြှင့်ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒန်နှင့် တောင်ကိုရီးယားသမ္မတ ယွန်းဆော့ယိုတို့အကြား မကြာသေးမီက သဘောတူညီမှု ရရှိခဲ့ပြီးနောက်တွင် မြောက်ကိုရီးယား၏ ဝေဖန်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ |
| ၂၆။ | ၂၈ - ၆ - ၂၀၂၂ | ပြီးခဲ့သည့် သီတင်းပတ်က ထိုင်ဝမ်ရေလက်ကြားမှ အမေရိကန်စစ်လေယာဉ် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းသည် အင်ဒို-ပစိဖိတ်ဒေသ ပွင့်လင်းလွတ်လပ်ရေး ကတိကဝတ်ကို အမေရိကန်က ထင်ထင်ရှားရှား ပြသလိုက်ခြင်းဖြစ်ကြောင်း အမေရိကန်စစ်တပ်က ပြောကြားခဲ့သည်။ အမေရိကန်၏ P-8A ရေငုပ်သင်္ဘော တိုက်ဖျက်ရေးလေယာဉ်သည် ဇွန် (၂၄) ရက်က ထိုင်ဝမ်ရေလက်ကြားကို ဖြတ်ကျော်ပျံသန်းခဲ့သည့်အတွက် မိမိတို့အနေဖြင့် စစ်လေယာဉ် စေလွှတ်ကာ စောင့်ကြည့်သတိပေးခဲ့ရသည်ဟု တရုတ်က ပြောသည်။ အမေရိကန်အနေဖြင့် ထိုင်ဝမ်ရေလက်ကြား အပါအဝင် နိုင်ငံတကာဥပဒေများက ခွင့်ပြုထား |

| | | |
|---|---|---|
| | | သည့် မည်သည့်နေရာ ဒေသတွင်မဆို ပျံသန်းခုတ်မောင်း သွားလာမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု အမေရိကန်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ |
| | | ရုရှားတိုက်ခိုက်မှုများကို ခုခံကာကွယ်ရန် အမေရိကန်ပြည်ထောင်စုက ယူကရိန်းထံ ခေတ်မီလေယာဉ်ပစ် ဒုံးကျည်များ၊ အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်များ ပါဝင်သည့် ကမ်းလှမ်းချက်တစ်ခုကို မိမိတို့ အချောသတ် ပြင်ဆင်နေသည်ဟု အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်က ဇွန်လ ၂၇ ရက်က ဂျာမနီတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ အမေရိကန်က အဆင့်မြင့် တာလတ်နှင့် တာဝေးပစ် လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များကို ပေးပို့ရန် ပြင်ဆင်နေသည်ဟု ဗီဒီယိုလင့်ခ်မှတစ်ဆင့် ဂျီ ၇ အစည်းအဝေးကို တက်ရောက်ခဲ့သော ယူကရိန်းသမ္မတအား သမ္မတဂျိုးဘိုင်ဒန်က ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဆူလီဗန်က ပြောသည်။ |
| | | ဇွန်လ (၂၇) ရက်က ယူကရိန်းနိုင်ငံအလယ်ပိုင်းရှိ ဈေးဝယ်စင်တာတစ်ခုကို ရုရှားက ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သောကြောင့် အနည်းဆုံး ၁၆ ဦး သေဆုံးခဲ့ရာ ယင်းတိုက်ခိုက်မှုကို စစ်ရာဇဝတ်မှုအဖြစ် ဂျာမနီနိုင်ငံတွင် အစည်းအဝေးလုပ်နေသော ဂျီ ၇ ခေါင်းဆောင်များက ရှုတ်ချခဲ့ကြပြီး ရုရှားကို ပိတ်ဆို့မှုများ ပိုမိုလုပ်ဆောင်မည်ဟု ပြောကြားခဲ့ကြသည်။ ခရီမန်ချက်မြို့ရှိ ဈေးဝယ်စင်တာ၏ လူအစည်ကားဆုံးအချိန်တွင် လုပ်ဆောင်ခဲ့သော တိုက်ခိုက်မှုအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တာဝန်ရှိသူများ တာဝန်ခံကြရမည်ဟုလည်း ထုတ်ပြန်ခဲ့ကြသည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၆ ဦးအထိ ရှိလာပြီး ၅၉ ဦး ဒဏ်ရာရခဲ့သည်ဟု အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲက ပြောသည်။ |
| ၂၇။ | ၂၉ – ၆ – ၂၀၂၂ | အမေရိကန်နိုင်ငံက ထပ်ခါတလဲလဲ ချမှတ်ခဲ့သည့် အရေးယူမှုများအား တုံ့ပြန်သည့် အနေဖြင့် နောက်ထပ် အမေရိကန်နိုင်ငံသား ၂၅ ဦးအား ရုရှားနိုင်ငံသို့ ဝင်ရောက်ခြင်းမှ အကန့်အသတ်မရှိ ပိတ်ပင်လိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ယမန်နေ့က ကြေညာခဲ့သည်။ အသစ်သတ်မှတ်လိုက်သော အမည်ပျက်စာရင်းသွင်းခံရသူများထဲတွင် သမ္မတဂျိုးဘိုင်ဒန်၏ ဇနီးဖြစ်သူ ဂျေးလ်ဘိုင်ဒန်နှင့် သမီးဖြစ်သူ အက်ရှလေဘိုင်ဒန်တို့ ပါဝင်သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် စာရင်းအပြည့်အစုံအရ အမေရိကန်နိုင်ငံသား တစ်ထောင်ကျော်သည် ပြည်ဝင်ခွင့် ပိတ်ပင်ခံထားရသည်။ |
| | | ရုရှားသည် အာဖဂန်နစ္စတန်တွင် အခြေအနေ ပုံမှန်ပြန်ဖြစ်စေရန် တက်ကြွစွာ လုပ်ဆောင်နေသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က အာဖဂန်၏အိမ်နီးချင်း တာဂျစ်ကစ္စတန်နိုင်ငံသို့ ရောက်ရှိလာသည့် ခရီးစဉ်အတွင်း ဇွန်လ (၂၈) ရက်က ပြောကြားခဲ့သည်။ သို့သော်လည်း စတင်လုပ်ဆောင်ရမည့် အချက်မှာ အာဖဂန်နစ္စတန်၏ လူမျိုးစုအုပ်စုများသည် နိုင်ငံကို အုပ်ချုပ်မှုအပိုင်းတွင် အပြည့်အဝ ပါဝင်သင့်သည့်အချက်ဖြစ်သည်ဟု ၎င်းက ပြောကြားကြောင်း ရုရှားမီဒီယာတစ်ခု၌ ဖော်ပြသည်။ ယခုခရီးစဉ်သည် ဖေဖော်ဝါရီ (၂၄) ရက်နောက်ပိုင်း ပူတင်၏ ပထမဆုံး ပြည်ပခရီးစဉ် ဖြစ်သည်။ တာဂျစ်ကစ္စတန်သည် ရုရှား၏ ဒေသတွင်း မဟာမိတ်နိုင်ငံများထဲတွင် ပါဝင်ပြီး ယင်းနိုင်ငံအတွင်း ရုရှား၏ အကြီးစား စစ်စခန်းတစ်ခု တည်ရှိသည်။ |
| | | နေတိုးအဖွဲ့ဝင် ခေါင်းဆောင်များသည် ယူကရိန်းစစ်ပွဲကို တုံ့ပြန်ရာတွင် ၎င်းတို့မဟာမိတ်အဖွဲ့၏ ကာကွယ်မှုများကို အလုံးစုံ စစ်ဆေးနေချိန်တွင် ၎င်းတို့၏ လုံခြုံရေးအတွက် ရုရှားကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် တံဆိပ်ကပ်ရန် ဇွန်လ (၂၈) ရက်က စပိန်နိုင်ငံ မက်ဒရစ်မြို့တော်တွင် အစည်းအဝေး ပြုလုပ်ခဲ့သည်ဟု နေတိုးအကြီးအကဲ ယန်းစ် |

| | | |
|---|---|---|
| | | စတိုတန်ဘာ့ချ်က ပြောကြားခဲ့သည်။ “ရုရှားဟာ ကျွန်တော်တို့ရဲ့ လုံခြုံရေးအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့ ရှင်းလင်းစွာ ပြောကြားသွားမှာပါ” ဟု ၎င်းက နေတိုး၏ မဟာဗျူဟာမြောက် စီမံချက်မူကြမ်းအသစ်ကို ထုတ်ဖော်ခြင်း မပြုမီ ပြောကြားခဲ့သည်။ |
| | | အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် မြောက်ကိုရီးယားအပေါ် အန္တရာယ်ပြုမည့် လက္ခဏာရှိသည့် ရည်ရွယ်ချက်တစ်ခုဖြစ်ပြီး အာရှနေတိုးအဖွဲ့ပုံစံကို ဖန်တီးမည့် အန္တရာယ်ရှိသော ရှေ့ပြေးနိမိတ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု မြောက်ကိုရီးယား နိုင်ငံပိုင် KCNA သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ တောင်ကိုရီးယားနှင့် ဂျပန်တို့သည် နေတိုးအဖွဲ့၏ နှစ်ပတ်လည်ညီလာခံကို လေ့လာသူများအဖြစ် ပထမဆုံးအကြိမ် မတက်ရောက်မီ နာရီပိုင်းအလိုတွင် KCNA က သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ |
| ၂၈။ | ၃၀ – ၆ – ၂၀၂၂ | ရုရှားသည် အနောက်၏ အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်ဟု နေတိုးမဟာမိတ် အဖွဲ့က ပြောကြားလိုက်ပြီး ယူကရိန်းကို ရုရှားကျူးကျော်ပြီးနောက် ဥရောပကာကွယ်ရေးကို အားဖြည့်ရန် အမေရိကန်က သန္နိဋ္ဌာန်ချထားသည်ဟု သမ္မတ ဂျိုးဘိုင်ဒင်က ဇွန်လ (၂၉) ရက်က စပိန်မြို့တော် မက်ဒရစ်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ပြောကြားခဲ့ရာ ယင်းလုပ်ရပ်သည် နေတိုး၏အင်ပါယာဆိုင်ရာ ဦးတည်ချက်များ ဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ချက်ချင်းတုံ့ပြန်ခဲ့သည်။ |
| | | ယူကရိန်းနှင့် ရုရှားနိုင်ငံတို့သည် ဖေဖော်ဝါရီ (၂၄) ရက် ပဋိပက္ခစတင်ချိန်မှစ၍ အကြီးဆုံး အကျဉ်းသားလဲလှယ်မှု ပြုလုပ်ခဲ့ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာန ပင်မထောက်လှမ်းရေးဦးစီးဌာနက ဇွန်လ (၂၉) ရက် တယ်လီဂရမ်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားခဲ့သည်။ အဆိုပါ လဲလှယ်မှုရလဒ်ကြောင့် အသက် ၁၉ နှစ်နှင့် ၆၅ နှစ်အရွယ်ရှိ ယူကရိန်းနိုင်ငံသား ၁၄၄ ဦးမှာ နေအိမ်သို့ ပြန်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြန်လွှတ်ပေးလိုက်သည့် ယူကရိန်းနိုင်ငံသားအများစုတွင် ဒဏ်ရာပြင်းထန်သူများ ပါဝင်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ ယူကရိန်းနှင့် ရုရှားတို့သည် ပထမဆုံးအကျဉ်းသား လဲလှယ်မှုကို မတ်လ (၂၄) ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

**TISS – Myanmar**